# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ပြာဟ္မဏ**

နက်နဲသောပညာ ရှိသော၊ ထက်မြက်သောပညာ ရှိသော၊ လမ်းမှန်ဟုတ်သည် မဟုတ်သည်၌ လိမ္မာသော၊ အရဟတ္တဖိုလ်သို့ ရောက်ပြီးသော ထိုပုဂ္ဂိုလ်ကို ပြာဟ္မဏဟု ငါဘုရားဟော၏။

ပြာဟ္မဏဝဂ်(ဓမ္မပဒ-၄၀၃)


၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက် | ၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၃)၊ အမှတ်(၃၄၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မိတ္ထီလာမြို့ (၁၄၁)ကြိမ်မြောက် သမိုင်းဝင်ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်နှင့် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ



မိတ္ထီလာ စက်တင်ဘာ ၁၀

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့၌ (၁၄၁)ကြိမ်မြောက် သမိုင်းဝင်ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်နှင့် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက အဆိုပါ စေတီတော်မုခ်ဦးနှင့် ဆုပေးမဏ္ဍပ်၌ ကျင်းပခဲ့သည်။

အဆိုပါဖွင့်ပွဲအခမ်းအနား မကျင်းပမီ သမိုင်းဝင်ဖောင်တော်ဦးစေတီတော်နှင့် ကရဝိက်တန်ဆောင်းမှန်ကျောင်းအတွင်း၌ ပင့်ဆောင်ကိုးကွယ်သည့် စကြာ်မုနိကြေးသွန်းရုပ်ပွားတော်မြတ်တို့အား ဗုဒ္ဓါဘိသေကအနေကဇာတင်လှူခြင်းကို နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ရေလည်ကျောင်းတိုက်ဦးစီးပဓာနနာယက ဆရာတော်ဘဒ္ဒန္တလာဘဝအပါအဝင် ပင့်သံဃာတော် ၁၀ ပါးတို့က ဆောင်ရွက်တော်မူကြသည်။ ထို့နောက် ပင့်သံဃာ ၁၀ ပါးတို့အား ဆွမ်းနှင့် လှူဖွယ်ဝတ္ထုများကို ခရိုင်စီမံအုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်အောင်လေးနှင့် အဖွဲ့ဝင်များ၊ စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးခင်ညိုနှင့်အလှူရှင်များက ဆက်ကပ်လှူဒါန်းကြပြီး

*စာမျက်နှာ ၇ ကော်လံ ၁* ❐

**ယနေ့ ဖတ် စ ရာ**

**ဂျပန်နိုင်ငံတွင် ပညာသင်ဆုလျှောက်ထားလိုသူများအတွက် Long-term Career Development ပညာသင်ဆု အစီအစဉ် (FY2025) ကို စက်တင်ဘာလအတွင်း လျှောက်လွှာစတင်လက်ခံမည်**

ပြည်တွင်းသတင်း | စာ ၉

**ကျိုင်းတုံမြို့၌ မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေစီးဆင်းမှုကြောင့် ရေဘေးသင့်ပြည်သူများအား ရေဘေးကင်းလွတ်ရာသို့ ကူညီရွှေ့ပြောင်း**

ပြည်တွင်းသတင်း | စာ ၁၁

## စလင်းမြို့နယ်၌ ချည်မျှင်ရှည်ဝါကေပေါင်း ၂၀၇၃၆ ကျော် စိုက်ပျိုးပြီးစီး

စလင်း စက်တင်ဘာ ၁၀

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်၌ ၂၀၂၄ ခုနှစ်စိုက်ပျိုးရာသီတွင် ချည်မျှင်ရှည်ဝါကေ ၃၀၅၅၀ လျာထားခဲ့ရာ စက်တင်ဘာ ၉ ရက်အထိ ချည်မျှင်ရှည်ဝါများကို ကျေးရွာအုပ်စုများမှ ဒေသခံတောင်သူများက ဧက ၂၀၇၃၆ စိုက်ပျိုးပြီးစီးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စလင်းမြို့နယ်၌ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၁၀ ရှိပြီး ဒေသခံတောင်သူအများစုသည် မိရိုးဖလာတောင်ယာလုပ်ငန်း၊ တောင်သူလုပ်ငန်းစိုက်ပျိုးရေးကိုသာ လုပ်ကိုင်လျက်ရှိရာ နှမ်းစပါး၊ မိုးစပါးနှင့် ဆီထွက်သီးနှံဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲမျိုးစုံနှင့် ဝါများကို စိုက်ပျိုးလုပ်ကိုင်ရာ ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် စိုက်ပျိုးရာသီတွင် တောင်သူများ ဝါအထွက်နှုန်းကောင်းခဲ့ပြီး ဝါရောင်းချရာတွင် နေရာဒေသအလိုက် ဈေးနှုန်းများ ပိုမိုရရှိခဲ့ကြပြီး ယခုနှစ်တွင် ချည်မျှင်ရှည်ဝါကို နေရာဒေသအလိုက် တောင်သူများ စိုက်ပျိုးလာကြသည်။ ထိုသို့ ချည်မျှင်ရှည်ဝါများကို ဒေသခံတောင်သူ များ ဝါသီးနှံမျိုးကောင်းမျိုးသန့်များ ဝယ်ယူစိုက်ပျိုးနိုင်ရေး ဝါစိုက်ပျိုးရာတွင် အထွက်နှုန်းကောင်းမွန်ပြီး ပိုးမွှားအန္တရာယ်ကျရောက်မှုမရှိစေရေးအသုံးချမှုများကို အပတ်စဉ် တောင်သူများနှင့် တွေ့ဆုံ၍ စိုက်ပျိုးရေးနည်းပညာများ အသိပညာပေးဟောပြောခြင်းနှင့် ရာသီဥတုနှင့် ကိုက်ညီမည့် ပိုးသတ်ဆေးများ

*စာမျက်နှာ ၇ ကော်လံ ၁* ❖

ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ၁၉ ရက်သာ လိုတော့သည်။

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia အား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၀**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံ အမတ်ကြီး H.E. Ms. Ma Jia အား ယနေ့ မွန်းလွဲပိုင်းတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၅) ၌ လက်ခံတွေ့ဆုံသည်။(ဓာတ်ပုံ)

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား လက်ရှိပူးပေါင်း ဆောင်ရွက်လျက်ရှိသော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးစီမံကိန်းများအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များ၊ ပင်လယ်ကူးသင်္ဘောဝန်ထမ်းများ လေ့ကျင့်သင်ကြားရေးနှင့် အလုပ်အကိုင်ရရှိရေး၊ လေကြောင်းခရီးစဉ်များ တိုးချဲ့ပျံသန်းရေး၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရေးနှင့် နည်းပညာမျှဝေရေးကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ နှစ်ဖက်အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဌာနအကြီးအမှူးများနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





## ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ နီပေါနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၀**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး မစ္စတာ ဟာရီရှ်ချန်ဒရာဂီမီရေးအား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-နီပေါနှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသောဆက်ဆံရေး တိုးမြှင့်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်းနှင့်သတင်းအချက်အလက်နည်းပညာဆိုင်ရာကဏ္ဍများအပါအဝင် နှစ်နိုင်ငံအကျိုးတူကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

## ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အောင်မြင်စွာကောက်ယူနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**အိမ်မဲ စက်တင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အောင်မြင်စွာကောက်ယူနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေပြည်တန်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ကိုကိုဦးက လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူမည့် လုပ်ငန်းများကို ပြောကြားပြီး မြို့နယ်သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး ဦးအောင်နိုင်ဦးက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အောင်မြင်စွာကောက်ယူနိုင်ရေး လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသော စာရင်းစစ်၊ စာရင်းကောက်များနှင့် စေတနာ့ဝန်ထမ်းများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

**အိမ်မဲ(ပြန်/ဆက်)**



# ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့တွင် (၉) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ တက်ရောက်ပြီး ပြန်လည်ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၀**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ ကျင်းပပြုလုပ်သည့် (၉) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ တက်ရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၄ ရက် ညနေပိုင်းတွင် ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့တို့၏ ပူးပေါင်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၊ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသည်။




ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာပူတင် (၉) ကြိမ်မြောက် အရှေ့ဖျား စီးပွားရေးဖိုရမ် မျက်နှာစုံညီအစည်းအဝေး (Main Forum– Plenary Session) တွင် မိန့်ခွန်းပြောကြားစဉ်။



### ဆွေးနွေးပွဲများတက်ရောက်

ဖိုရမ်တက်ရောက်စဉ်ကာလအတွင်း စက်တင်ဘာ ၄ ရက် နံနက်ပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်သက်သက်ခိုင်က Russia–ASEAN Business Dialogue အစီအစဉ်တွင် ပါရှိသည့် New contours of International cooperation ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ယင်းနေ့ညနေပိုင်းတွင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းက Cooperation In Greater Eurasia အစီအစဉ်တွင် ပါရှိသည့် Experience of Developing Production Chains in The EAEU, SCO And BRICS ခေါင်းစဉ်ဖြင့်လည်းကောင်း Panelist များအနေဖြင့် တက်ရောက်ဆွေးနွေးခဲ့ရာ ဒုတိယဝန်ကြီးချုပ်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့မှ ဆွေးနွေးပွဲများသို့ တက်ရောက်ကြသည်။

ဖိုရမ်ကာလအတွင်း သီးခြားတွေ့ဆုံမှုများအနေဖြင့် စက်တင်ဘာ ၄ ရက် ညနေပိုင်းတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် Rosatom Renewable Energy Joint–Stock Company မှ General Director Mr. Grigory Nazarov ဦးဆောင်သော အဖွဲ့တို့ တွေ့ဆုံပြီး မြန်မာနိုင်ငံ လျှပ်စစ်ကဏ္ဍနှင့် ပတ်သက်သော ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ အလားတူ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စက်မှုနှင့်ကုန်သွယ်ရေး ဒုတိယဝန်ကြီး Mr. Alexsei Gruzdev ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံပြီး အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းကို ပူးပေါင်းအကောင်အထည်ဖော်နိုင်ရေး ကိစ္စရပ်များ၊ ဆေးဝါးထုတ်လုပ်ရေးနှင့် အခြားစက်မှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

### ဆွေးနွေးပြောကြား

ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၅ ရက်တွင် (၉) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်၏ ပင်မအခမ်းအနားဖြစ်သည့် မျက်နှာစုံညီအစည်းအဝေး (Main Forum– Plenary Session) သို့ ပါဝင်တက်ရောက်ခဲ့သည်။ အဆိုပါ အစည်းအဝေးတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာဗလာဒီမာပူတင်က မိန့်ခွန်းပြောကြားခဲ့ပြီး၊ နိုင်ငံတကာ စီးပွားရေးဖိုရမ်၏ ပင်မဆွေးနွေးမှုများကို ဦးဆောင်ဆွေးနွေးသည်။ တရုတ်နိုင်ငံ ဒုတိယသမ္မတ Mr. Han Zheng နှင့် မလေးရှားနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Anwar Ibrahim တို့က ဆွေးနွေးဖက်များအဖြစ် ပါဝင်ဆွေးနွေးသည်။ သမ္မတ ပူတင်အနေဖြင့် ဒေသတွင်း စွမ်းအင်နှင့်ပို့ဆောင်ရေး အခြေခံအဆောက်အဦ ကဏ္ဍများကို မြှင့်တင်ရန် အရေးကြီးကြောင်း၊ စက်မှုကဏ္ဍနှင့် လူနေမှုအဆင့်အတန်း မြင့်မားစေရန်အတွက် လျှပ်စစ်ဓာတ်အား ပံ့ပိုးမှုကို ပိုမိုဆောင်ရွက်ရန် လိုအပ်ကြောင်း၊ Trans–Siberian Railway နှင့် the Baikal–Amur Mainline ကဲ့သို့သော ပို့ဆောင်ရေးလမ်းကြောင်းများကို အဆင့်မြှင့်တင်ရန်လိုအပ်ကြောင်း၊ အနာဂတ်တွင် အာရှနှင့်ဥရောပတို့အကြား သဘောၤပတ်လမ်းကြောင်းအဖြစ် မြောက်ဘက်ပင်လယ်ရေလမ်းကြောင်းမှာ များစွာအရေးကြီးလာမည်ဟု ရှုမြင်ထားကြောင်း နှင့် အဆိုပါ စီမံကိန်းများအနေဖြင့် အာရှဒေသနှင့် ထောက်ပံ့ဖြည့်ဆည်း စီမံဆောင်ရွက်မှုလမ်းကြောင်း (Logistics Corridors) များ ပိုမိုချိတ်ဆက်နိုင်ပြီး တိုးတက်ကောင်းမွန်လာစေမည် ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

စက်တင်ဘာ ၆ ရက်တွင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားနိုင်ငံ အရှေ့ဖျားဒေသ၏ ဖက်ဒရယ်စိုက်ပျိုးရေးဆိုင်ရာ ဇီဝနည်းပညာသိပ္ပံစင်တာ လက်အောက်ရှိ ပရီမော့စကီး စိုက်ပျိုးရေးသုတေသနသိပ္ပံသို့ သွားရောက်လေ့လာခဲ့ရာ**(အောက်ပုံ)** ဇီဝနည်းပညာ သိပ္ပံစင်တာ၏ ဒါရိုက်တာဖြစ်သူ Mr. Aleksei Nikolaevich က ကြိုဆို နှုတ်ခွန်းဆက်ပြီး သုတေသနသိပ္ပံဖြစ်ပေါ်လာသည့် သမိုင်းကြောင်း၊ သီးနှံများနှင့် သက်ဆိုင်သော သုတေသနများ အပြင် မြေဆီလွှာဆိုင်ရာ သုတေသန၊ ပိုးမွှား ရောဂါ ကာကွယ်နှိမ်နင်းခြင်းနှင့် သက်ဆိုင်သော သုတေသန၊ ရာသီဥတုဒဏ်ခံနိုင်ရည်ရှိသော သီးနှံမျိုးများ ထုတ်လုပ်ခြင်းနှင့် သက်ဆိုင်သော မျိုးကောင်း မျိုးသန့်များ ထုတ်လုပ်ခြင်းဆိုင်ရာ သုတေသနများ ဆောင်ရွက်နေသည့် အခြေအနေများ၊ အာလူး၊ စပါး၊ ဂျုံ၊ ပဲပုပ်၊ အစေ့ထုတ်ပြောင်း စသည့်သီးနှံများ၏ အရည်အသွေးကောင်း မျိုးစေ့များ ထုတ်လုပ်ခြင်းကို ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့ပြီး သုတေသနစိုက်ခင်းများသို့ လိုက်လံပြသရာတွင် ရုရှားနိုင်ငံ အရှေ့ဖျားဒေသ၌ စိုက်ပျိုးနိုင်သည့် စပါးမျိုးများနှင့် အခြားသီးနှံများ သုတေသနပြု စမ်းသပ်စိုက်ပျိုးထားမှု အခြေအနေကို လိုက်လံရှင်းလင်းပြသသည်။

### ပြန်လည်ရောက်ရှိ

ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၈ ရက် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး Mr. Is–Kander Azizov နှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ လျန်ယွင်ကန်မြို့၌ ကျင်းပသည့် ၂၀၂၄ ခုနှစ်၊ ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ်သို့ တက်ရောက်ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၀**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သော မြန်မာကိုယ်စား လှယ်အဖွဲ့သည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေး ဆိုင်ရာဝန်ကြီးဌာန၏ ဖိတ်ကြား ချက်အရ စက်တင်ဘာ ၈ ရက်မှ ၁၀ ရက်အထိ ၂၀၂၄ ခုနှစ်၊ ကမ္ဘာ လုံးဆိုင်ရာ ပြည်သူ့လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှု ဖိုရမ်သို့ တက်ရောက်ပြီး ယနေ့တွင် လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန် မြို့သို့ ပြန်လည်ရောက်ရှိရာ **(အောက်ပုံ)** ရန်ကုန်တိုင်းဒေသ ကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန် ရှိသူများက ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်၌ ကြိုဆို နှုတ်ဆက်ကြသည်။

ခရီးစဉ်အတွင်း ပြည်ထောင်စု ဝန်ကြီး ဦးဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် စက်တင် ဘာ ၈ ရက် မွန်းလွဲပိုင်းတွင် ကွမ်ကျိုးမြို့သို့ ရောက်ရှိရာ ယူနန် ပြည်နယ်၊ ဒုတိယပြည်နယ် ရဲတပ် ဖွဲ့မှူး မစ္စတာလီလိနှင့် တာဝန် ရှိသူများက ကြိုဆိုကြသည်။

စက်တင်ဘာ ၉ ရက် နံနက် ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စား လှယ်အဖွဲ့သည် ကွမ်ကျိုးမြို့မှ တစ်ဆင့် လျန်ယွင်ကန်မြို့သို့ ရောက်ရှိပြီး ဟိုင်ကျိုး (Haizhou) Bayview Conference Center ၌ ကျင်းပပြုလုပ်သည့် ၂၀၂၄ ခုနှစ်၊ ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့လုံခြုံ ရေး ပူးပေါင်းဆောင်ရွက်မှုဖိုရမ်






ဖွင့်ပွဲအခမ်းအနားနှင့် ဖိုရမ်သို့ တက်ရောက်ပြီး ပြည်ထောင်စု ဝန်ကြီးက ကာလရှည်ကြာ အကြမ်း ဖက်မှုများနှင့် ပဋိပက္ခများကို ဖြစ်ပေါ်စေသော ရာဇဝတ်ဂိုဏ်း အုပ်စုများအား နိုင်ငံပေါင်းစုံ ပူးပေါင်းတိုက်ဖျက်ရေး၊ လူမှုဘဝ တည်ငြိမ်ရေးနှင့် ပြည်သူတို့၏ အသက်အိုးအိမ် ဘေးကင်းလုံခြုံ မှုရှိစေရေးအတွက် တရားဥပဒေ စိုးမိုးရေးနယ်ပယ်တွင် လက်တွေ့ ဆန်သော ပူးပေါင်းဆောင်ရွက် မှုများ ပြုလုပ်ရေး၊ သမားရိုးကျနှင့် သမားရိုးကျမဟုတ်သော လုံခြုံ ရေးဆိုင်ရာ စိန်ခေါ်မှုများကို အတူတကွ တိုက်ဖျက်ရေးတို့ကို အလေးထား ဆောင်ရွက်သွားရ မည်ဖြစ်ကြောင်း ဆွေးနွေးပြော ကြားသည်။



မွန်းလွဲပိုင်းတွင် ပြည်ထောင်စု ဝန်ကြီးသည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေး ဆိုင်ရာဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဝမ်ရှောင်ဟုန် ဦးဆောင် သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံကာ နှစ်နိုင်ငံလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ ကို ဆွေးနွေးခဲ့ကြပြီး မြန်မာ- တရုတ် နှစ်နိုင်ငံအကြား ရဲတပ်ဖွဲ့ ပူးပေါင်းဆောင်ရွက်မှု ဗဟိုဌာန ထူထောင်မှုဆိုင်ရာ နားလည်မှု စာချွန်လွှာနှင့် တရုတ်ယွမ် ၅ သန်း တန်ဖိုးရှိ ရဲလုပ်ငန်းဆိုင်ရာ အသုံး အဆောင်ပစ္စည်းများ အကူအညီ ပေးရေးစာလွှာတို့ကို နှစ်နိုင်ငံ ဝန်ကြီးများက လက်မှတ်ရေးထိုး လဲလှယ်ခဲ့ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စု ဝန်ကြီး ဦးဆောင်သော မြန်မာ ကိုယ်စားလှယ် အဖွဲ့သည် လျန်ယွင်ကန်မြို့ရှိ ရဲလုပ်ငန်းခွင် ဆိုင်ရာပစ္စည်း ကိရိယာများနှင့် နည်းပညာပြပွဲသို့ သွားရောက် လေ့လာကြသည်။


နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သော မြန်မာကိုယ်စား လှယ်အဖွဲ့၏ ၂၀၂၄ ခုနှစ်၊ ကမ္ဘာ လုံးဆိုင်ရာ ပြည်သူ့လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှု ဖိုရမ်သို့ တက်ရောက်ခဲ့သည့် ခရီးစဉ် အတွင်း နှစ်နိုင်ငံ ပူးပေါင်း ဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံဝန်ကြီး ဌာနနှစ်ခုအကြား ပူးပေါင်း ဆောင်ရွက်မှုများအပေါ် အပြု သဘောဆောင်သည့် ရလဒ်များကို ရရှိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးစစ်အေး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ ကျင်းပသည့် (၉) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ တက်ရောက်ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၀**

အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး ခေါင်းဆောင် သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ် H.E.Mr.Igor Krasnov ၏ ဖိတ်ကြား ချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ စက်တင်ဘာ



၃ ရက်မှ ၆ ရက်အထိ ကျင်းပပြုလုပ် သည့် **(၉) ကြိမ်မြောက် အရှေ့ဖျားစီးပွား ရေးဖိုရမ် (9th Eastern Economic Forum– EEF)** သို့ တက်ရောက်ခဲ့သည်။

**လက်မှတ်ရေးထိုး**

စက်တင်ဘာ ၄ ရက်တွင် ကော်မရှင် ဥက္ကဋ္ဌ ခေါင်းဆောင်သော မြန်မာကိုယ်စား လှယ်အဖွဲ့သည် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းဆောင် ရွက်မှုအစီအစဉ်ကို ဖိုရမ်၏ဆက်စပ် အစီအစဉ်အဖြစ် လက်မှတ်ရေးထိုး ခဲ့သည်။

ယင်းအစီအစဉ်တွင် နှစ်နိုင်ငံအကြား အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် စပ်လျဉ်း၍ ပညာရပ်ဆိုင်ရာ အရင်းအမြစ် များ ဖလှယ်နိုင်ခြင်း၊ နိုင်ငံတကာ အလေ့ အထကောင်းများ သိရှိလေ့လာကျင့်သုံး နိုင်ခြင်းနှင့် ဝန်ထမ်းများအား ဘာသာရပ် ဆိုင်ရာ သင်တန်းများဖွင့်လှစ်သင်ကြား ပေးခြင်းတို့ပါဝင်သဖြင့် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးမှုများကို ရရှိလာစေ နိုင်မည်ဖြစ်သည်။

**ဆွေးနွေးပွဲတက်ရောက်**

စက်တင်ဘာ ၅ ရက်တွင် ကော်မရှင် ဥက္ကဋ္ဌသည် စွန့်ဦးတီထွင်သူများနှင့် ရင်းနှီးမြှုပ်နှံသူများ၏ အခွင့်အရေးများကို အကာအကွယ်ပေးရန် ရည်ရွယ်ကျင်းပ သည့် ဆွေးနွေးပွဲသို့ တက်ရောက်ပြီး အဂတိလိုက်စားမှုသည် မျှတစွာယှဉ်ပြိုင် နိုင်သည့် ဈေးကွက်စီးပွားရေးစနစ်၏ အဓိက ပြဿနာတစ်ရပ်ဖြစ်ကြောင်း၊ ယင်းပြဿနာကို ဖြေရှင်းရန် စွန့်ဦး တီထွင်သူများနှင့် ရင်းနှီးမြှုပ်နှံသူများကို အပြည့်အဝအကာအကွယ်ပေးရန် လိုအပ် ကြောင်း၊ မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် အနေဖြင့် အဂတိလိုက်စားမှုကို လုံးဝလက်သင့်မခံ သည့် လူမှုအသိုက်အဝန်း ပေါ်ပေါက် လာစေရန်ရည်ရွယ်၍ မဟာဗျူဟာစီမံ ချက်များချမှတ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး၊အသိပညာပေးရေး နှင့် စုံစမ်းစစ်ဆေးအရေးယူ ဆောင်ရွက် ခြင်းတို့ကို ထိရောက်စွာ ဆောင်ရွက် လျက်ရှိကြောင်း၊ အဂတိလိုက်စားမှု ကျူးလွန်သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အပြစ်ပေး အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း၊ အဂတိ လိုက်စားမှုကို တွန်းလှန်တိုက်ဖျက်ရာတွင် ကဏ္ဍအားလုံး ပူးပေါင်းပါဝင်ကြရန် ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**

## မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်

**နေပြည်တော် စက်တင်ဘာ ၁၀**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့် အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုလာမည်။ ဘင်္ဂလား ပင်လယ်ပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။ **မိုး/ဇလ**

# နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် စီမံကိန်းလုပ်ငန်းများ လျာထားခြင်းနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၀**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၏ ၂၀၂၅ – ၂၀၂၆ ဘဏ္ဍာရေးနှစ် စီမံကိန်းလုပ်ငန်းများ လျာထားခြင်းနှင့်စပ်လျဉ်း၍ လုပ်ငန်းဆပ်ကော်မတီ တစ်ခုချင်းအလိုက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို စက်တင်ဘာ ၉ ရက် နံနက်ပိုင်းက နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။




ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၏ ၂၀၂၅ – ၂၀၂၆ ဘဏ္ဍာရေးနှစ် စီမံကိန်းလုပ်ငန်းများလျာထားခြင်းနှင့်စပ်လျဉ်း၍ လုပ်ငန်းဆပ်ကော်မတီ တစ်ခုချင်းအလိုက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

အစည်းအဝေးသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ လုပ်ငန်းကော်မတီ အတွင်းရေးမှူးနှင့် လမ်း၊ တံတားနှင့်အဆောက်အဦဖွံ့ဖြိုးရေးလုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ လုပ်ငန်းဆပ်ကော်မတီဝင်များဖြစ်ကြသော သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသည့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ပြည်နယ်နှင့် တိုင်းဒေသကြီး လမ်း၊တံတားနှင့် အဆောက်အဦဖွံ့ဖြိုးရေးလုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌများက On Line ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က သက်ဆိုင်ရာ လုပ်ငန်းဆပ်ကော်မတီများ အနေဖြင့် စီမံကိန်းများ လျာထားဆောင်ရွက်ရာတွင် ၂၀၂၄–၂၀၂၅ ဘဏ္ဍာရေးနှစ် ရန်ပုံငွေခွင့်ပြုမှုအပေါ် အခြေခံပြီး လျာထားဆောင်ရွက်သွားကြရန်၊ မိမိတို့၏ လျာထားလုပ်ငန်းစီမံကိန်းများကို လုံခြုံရေးအခြေအနေအရ ဖြစ်နိုင်ခြေရှိ၊ မရှိ သုံးသပ်၍ လျာထားဆောင်ရွက်သွားကြရန်နှင့် ယခင်လုပ်ငန်းကော်မတီ အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၄) ဆုံးဖြတ်ချက်များကို အထူးအလေးထားဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်ကာလအတွင်း ပြီးစီးရေး ကြပ်မတ်ဆောင်ရွက်သွားကြရန်၊ စီမံကိန်းလုပ်ငန်းများ လျာထားခြင်းနှင့် အကောင်အထည် ဖော်ခြင်းများတွင် ထိရောက်သော ငွေကြေးသုံးစွဲမှုဖြစ်စေရေးနှင့် လုပ်ငန်းများ၏ အရည်အသွေး ပြည့်ဝစေရေး ကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း တိုက်တွန်းမှာကြားခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ လုပ်ငန်းဆပ်ကော်မတီဝင် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး လမ်း၊ တံတားနှင့် အဆောက်အဦဖွံ့ဖြိုးရေးလုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌများက ၂၀၂၅ – ၂၀၂၆ ဘဏ္ဍာရေးနှစ် စီမံကိန်း လျာထားဆောင်ရွက်ထားရှိမှု၊ ဘဏ္ဍာနှစ်အလိုက် ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ အားသာချက်၊ အားနည်းချက်များနှင့် စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းပေါင်းစပ်ဆွေးနွေးပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရောဝတီတိုင်းဒေသကြီးတွင် ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာပါက ဒေသ၏လူမှုစီးပွားဘဝအထောက်အကူပြုမည်

**နေပြည်တော် စက်တင်ဘာ ၁၀**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် ယနေ့ နံနက်ပိုင်းတွင် ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်သည့် ရောဝတီတိုင်းဒေသကြီး ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်သို့ တက်ရောက်အမှာစကား ပြောကြားသည်။



အခမ်းအနားသို့ ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့ဝင်များနှင့် ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများအနက် ရောဝတီတိုင်းဒေသကြီးတွင် ခရီးသွားလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သဘာဝအလှအပများ၊ သာယာလှပသည့်ကမ်းခြေများ၊ ဒီရေတောများ၊ တိုင်းရင်းသားပြည်သူများ၏ ယဉ်ကျေးမှု ဓလေ့ထုံးစံများ၊ ဒေသထွက်အစားအသောက်များနှင့် ဒေသထွက်ကုန်ပစ္စည်းများ စသည့်ခရီးသွားဆွဲဆောင်မှုများစွာရှိကြောင်း၊ ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာပါက ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့်အစားအသောက်နှင့် အဖျော်ယမကာလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ ဖျော်ဖြေရေးလုပ်ငန်းများ၊ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီး ဒေသ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

**ရလဒ်များကိုအခြေခံ၍ လုပ်ငန်းစဉ်များချမှတ်**

ယခုဖိုရမ်တွင် ခရီးသွားလုပ်ငန်းဆိုင်ရာ အသိပညာပေးရေးအစီအစဉ်များ၊ ခရီးစဉ်ဒေသ အသစ်များဖော်ထုတ်ရာတွင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ ခရီးသွားဧည့်သည်များ သွားလာလည်ပတ်ရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် စီစဉ်ဆောင်ရွက်ရမည့်ကိစ္စရပ်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းဆွေးနွေးပြီး ရရှိလာမည့်ရလဒ်များကိုအခြေခံ၍ ကာလတို ကာလရှည် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

**ခရီးစဉ်အသစ်များ ဖော်ထုတ်ဆောင်ရွက်**

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်ကျင်းပရခြင်း ရည်ရွယ်ချက်၊ တိုင်းဒေသကြီးအတွင်း ခရိုင်အဆင့်၊ မြို့နယ်အဆင့် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့(DMO)များ ဖွဲ့စည်းဆောင်ရွက်နေမှု၊ တိုင်းဒေသကြီးအတွင်း ပြည်တွင်းပြည်ပခရီးသည်ဝင်ရောက်မှုအခြေအနေ၊ ခရီးစဉ်အသစ်များ ဖော်ထုတ်ဆောင်ရွက်နေမှုနှင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကရင်တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်း (ကန်ကြီးထောင့်မြို့နယ်) မှ ဖျော်ဖြေရေးအဖွဲ့က ရိုးရာယဉ်ကျေးမှုအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်အေးတို့က ၂၀၂၄ ခုနှစ်အတွက် အာဆီယံသန့်ရှင်းသောမြို့တော်များ ခရီးသွားလုပ်ငန်းမြို့ ဆုတံဆိပ်ကိုလည်းကောင်း၊ ဖျော်ဖြေရေးအဖွဲ့အား ဂုဏ်ပြုပန်းခြင်းနှင့် ဆုငွေများကိုလည်းကောင်း၊ ဖိုရမ်သို့လာရောက်ဆွေးနွေး ပြောကြားပေးကြသည့် ကျွမ်းကျင်ပညာရှင်များအား ဂုဏ်ပြုလက်မှတ်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ၊ ခင်းကျင်းပြသထားသည့် ဒေသထွက်လက်မှုပစ္စည်းများနှင့် ဒေသထွက်အစားအစာများအား လှည့်လည်ကြည့်ရှုသည်။

အဆိုပါဖိုရမ်တွင် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်က ခရီးသွားလုပ်ငန်းရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များ ခေါင်းစဉ်ဖြင့် ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသူများက ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့များ၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်ချက်များ၊ ကမ်းခြေခရီးသွားလုပ်ငန်းဖွံ့ဖြိုးတက်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဒေသခံပြည်သူများ လူမှုအကျိုးစီးပွားတိုးတက်ရေး၊ ကမ်းခြေခရီးသွားလုပ်ငန်းများ ပွင့်လင်းရာသီအမီ ကြိုတင်ပြင်ဆင်မှုများ၊ ခရီးစဉ်ဒေသများ အဆင့်မြှင့်တင်နိုင်ရေးအတွက် လိုအပ်ချက်များနှင့် ရောဝတီတိုင်းဒေသကြီးအတွင်း ရိုးရာယဉ်ကျေးမှုပွဲတော်၊ ဘုရားပွဲတော်များနှင့် ခရီးသွားလုပ်ငန်းချိတ်ဆက်ဆောင်ရွက်နိုင်ရေး စသည့်ခေါင်းစဉ်ငါးခုဖြင့် အဖွဲ့ငါးဖွဲ့ခွဲ၍ စကားဝိုင်းဆွေးနွေးခြင်း၊ မေးခွန်းများ မေးမြန်းဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

**ကန်သုံးဆင့်ပန်းခြံအဆင့်မြှင့်တင်**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပုသိမ်မြို့ရှိ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူထားသော ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်၍ နှစ်ပေါင်း (၁၅၂)နှစ် သက်တမ်းရှိပြီး ရှေးဟောင်းအဆောက်အဦအဖြစ် သတ်မှတ်ထားသည့် ကာတိုလိပ်ခရစ်ယာန် ဘုရားရှိခိုးကျောင်းကိုလည်းကောင်း၊ ခရီးသည်များအပန်းဖြေလည်ပတ်နိုင်ရန်ပြုလုပ်ထားသည့် ဝေနမြစ်ကမ်းဘေးအနားယူအပန်းဖြေနေရာနှင့် ရောဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကန်သုံးဆင့်ပန်းခြံအဆင့်မြှင့်တင်ဆောင်ရွက်နေသည့် စီမံကိန်းနေရာသို့ လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**မော်လမြိုင် စက်တင်ဘာ ၁၀**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းသည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Mongkol Visitstump အား ယနေ့မွန်းလွဲပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး ညှိနှိုင်းခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ ကုန်သွယ်မှုကဏ္ဍတိုးမြှင့်ရေး၊ နယ်စပ်ကုန်သွယ်မှု အားကောင်းစေရေး၊ စီးပွားရေးလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်လာစေရေး၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများ အပါအဝင် ပို့ကုန်၊ သွင်းကုန်ကဏ္ဍအတွက် သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများ အဆင်ပြေချောမွေ့စေရေး၊ ခရီးသွားကဏ္ဍ မြှင့်တင်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ထိုင်းနိုင်ငံသံရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သက်နိုင်(မော်လမြိုင်)**

# ဒုတိယဝန်ကြီးနှင့်ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပလျက်ရှိသည့် အာရှ - အာဖရိက ဥပဒေအတိုင်ပင်ခံအဖွဲ့ ( AALCO)၏ (၆၂)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးတက်ရောက်



**နေပြည်တော် စက်တင်ဘာ ၁၀**

အာရှ-အာဖရိက ဥပဒေအတိုင်ပင်ခံအဖွဲ့ (Asian–African Legal Consultative Organization–AALCO) ၏ (၆၂)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ စက်တင်ဘာ ၉ ရက်မှ ၁၃ ရက်အထိ ကျင်းပလျက်ရှိရာ အဆိုပါ အစည်းအဝေးသို့ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E Mr. Maris Sangiampongsa ၏ ဖိတ်ကြားချက်အရ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်လျက်ရှိသည်။

**အဖွင့်အမှာစကားများပြောကြား**

အဆိုပါ နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် အာရှ-အာဖရိက ဥပဒေအတိုင်ပင်ခံအဖွဲ့ (AALCO) ၏ အထွေထွေအတွင်းရေးမှူးချုပ် H.E. Dr. Kamalinne Pinitpuvadol နှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E Mr. Maris Sangiampongsa တို့က အဖွင့်အမှာစကားများ ပြောကြားခဲ့ကြသည်။

နှစ်ပတ်လည် အစည်းအဝေးတွင် ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာ ထိန်လင်းဦးက အာရှ - အာဖရိက ဥပဒေအတိုင်ပင်ခံအဖွဲ့ (AALCO) သည် အပြည်ပြည်ဆိုင်ရာ ဥပဒေဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစိုးရအချင်းချင်းအကြား လက်တွဲပူးပေါင်းဆောင်ရွက်သည့် အဓိကကျသော အဖွဲ့အစည်းဖြစ်ပါကြောင်း၊ အာရှ - အာဖရိက ဥပဒေအတိုင်ပင်ခံအဖွဲ့ (AALCO) ကို ယခင်က ဥပဒေအတိုင်ပင်ခံကော်မတီ (ALCC) အဖြစ် ၁၉၅၆ ခုနှစ် နိုဝင်ဘာ ၁၅ ရက်တွင် ဖွဲ့စည်းခဲ့ပါကြောင်း၊ ယင်းသည် ၁၉၅၅ ခုနှစ် ဧပြီလတွင် ကျင်းပခဲ့သည့် သမိုင်းဝင်ဘန်ဒေါင်းညီလာခံ၏ ရလဒ်တစ်ခုဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ကနဦးအဖွဲ့ဝင် (Founding Member) ဖြစ်ပြီး မြန်မာနိုင်ငံနှင့်အတူ သီရိလင်္ကာ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ အီရတ်၊ ဂျပန်နှင့် ယူနိုက်တက်အာရပ် စသည့်နိုင်ငံ ခုနစ်နိုင်ငံသည် မူလအဖွဲ့ဝင်နိုင်ငံများ ဖြစ်ပါကြောင်း၊ ညီလာခံ၏ ရည်ရွယ်ချက်သည် အာရှ - အာဖရိကနိုင်ငံများတွင် စီးပွားရေးနှင့် ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ခြင်းကို တိုးမြှင့်ရန်ဖြစ်ပါကြောင်း၊ အာရှ-အာဖရိက ဥပဒေအတိုင်ပင်ခံအဖွဲ့ (AALCO) သည် ဘန်ဒေါင်းညီလာခံအပြီး ပေါ်ပေါက်ခဲ့သော ဘက်မလိုက်အဖွဲ့အစည်း Non–Aligned Movement (NAM)ဖြစ်ပြီး အာရှနှင့် အာဖရိကနိုင်ငံများသာ ပါဝင်ပါကြောင်း၊ ဘန်ဒေါင်းညီလာခံ ကြေညာချက်နှင့် ဘန်ဒေါင်း မူသဘောတရားများသည် ဘက်မလိုက်ခြင်း Non–Aligned Movement (NAM)၏ အခြေခံကျသော မူသဘောတရားများဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ နှစ်ပတ်လည် အစည်းအဝေးတွင် ဆွေးနွေးမည့် အဆိုပြုချက်များအနက် မြန်မာနိုင်ငံအတွက် အရေးပါသည့် ကိစ္စရပ်များကို ထုတ်နုတ်ပြောကြားရာတွင် သဘာဝပတ်ဝန်းကျင်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံသည် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဟန်ချက်ညီညီ ဖော်ဆောင်နိုင်ရေးအတွက် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan–MSDP) ရေးဆွဲချမှတ်၍ ယင်းစီမံကိန်းနှင့်အညီ ကြိုးပမ်းဖော်ဆောင်လျက် ရှိပါကြောင်း၊ အဂတိလိုက်စားမှု ကဲ့သို့သော ရာဇဝတ်မှုများနှင့် ဆက်နွယ်သည့် ပိုင်ဆိုင်မှုများကို သိမ်းဆည်းခြင်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (United Nations Convention against Corruption– UNCAC ) ကို လက်မှတ်ရေးထိုးပြီး ပြည်တွင်းဥပဒေမူဘောင်၊ စည်းမျဉ်းစည်းကမ်းများချမှတ်၍ ထိရောက်စွာ တားဆီးနှိမ်နင်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက် ရှိပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံသည် ပင်လယ်ပြင်ဥပဒေဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း( United Nations Convention on the Law of the Sea – UNCLOS ) ကို အတည်ပြုပါဝင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ထို့ကြောင့် အဏ္ဏဝါ သယံဇာတ အရင်းအမြစ်များ ထိန်းသိမ်း စောင့်ရှောက်ရန်နှင့် အဏ္ဏဝါပတ်ဝန်းကျင် ညစ်ညမ်းမှု ကာကွယ်တားဆီးရန် အလို့ငှာ ရေထုညစ်ညမ်းမှု ကာကွယ်တားဆီးရေးဥပဒေ (မူကြမ်း) ကို ရေးဆွဲလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံသည် အာကာသပိုင်နက်နှင့် စပ်လျဉ်း၍ အာကာသသည် လူသားတိုင်းနှင့် သက်ဆိုင်ပြီး နိုင်ငံများ၏ သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးမှုအဆင့်အပေါ် မသတ်မှတ်ဘဲ လူသားအားလုံး တန်းတူညီမျှ ရရှိပိုင်ဆိုင်ခွင့်ရှိစေရမည်ဟူသော မူဝါဒကို ကျင့်သုံးလျက် ပြည်တွင်းဥပဒေမူဘောင် ချမှတ်ဖော်ဆောင်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နှစ်ပတ်လည် အစည်းအဝေးတွင် အပြည်ပြည်ဆိုင်ရာ ဥပဒေကော်မရှင် (International Law Commission–ILC) မှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ၊ ပင်လယ်ပြင်ဆိုင်ရာဥပဒေ၊ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာလေပိုင်နက်ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ နှစ်ပတ်လည် အစည်းအဝေး၌ တက်ရောက်လျက်ရှိသည့် အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့်အတူ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။**သတင်းစဉ်**

---

❒ *ရှေ့ဖုံးမှ*

ရေစက်ချတရားတော်များ နာယူကြသည်။ ဆက်လက်၍ (၁၄၁)ကြိမ်မြောက် သမိုင်းဝင်ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်အား ခရိုင်စီမံအုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ဦး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၁) ဗိုလ်မှူးကြီး ဝင်းမင်းထွန်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၂) ဦးကျော်ဇေယျ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးမျိုးထက်ဇော်နှင့် စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးခင်ညိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဆုပေးမဏ္ဍပ်တွင်ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဇော်ဦးက အမှာစကား ပြောကြားပြီးနောက် မြန်မာ့ရိုးရာ လောင်းလှေပြိုင်ပွဲအထူးပွဲများကို ကျင်းပသည်။ သမိုင်းဝင်ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်အား စက်တင်ဘာ ၁၀ ရက်မှ ၁၇ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲ ပုံမှန်ပွဲစဉ်များကို စက်တင်ဘာ ၁၁ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲတွင် အကြီးတန်း အမျိုးသားအသင်း ခြောက်သင်း ၊ အငယ်တန်းအမျိုးသားအသင်း ၂၀ ၊ အမျိုးသမီးအသင်း ၅ သင်း စုစုပေါင်းပြိုင်ပွဲဝင် လှေအသင်း ၃၁ သင်းပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

---

❖ *ရှေ့ဖုံးမှ*

အသုံးပြုဆောင်ရွက်ပုံများကို အသိပညာပေးခြင်းများ ပြုလုပ်လျက်ရှိသည်။

ဝါစိုက်တောင်သူများကလည်း ယခုနှစ်တွင် မိုးဦးချည်မျှင်ရှည်ဝါ ဧက ၂၀၉၀၊ မိုးနှောင်းချည်မျှင်ရှည်ဝါ ၁၈၆၄၆ ဧက စုစုပေါင်းချည်မျှင်ရှည်ဝါ ၂၀၇၃၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြပြီး ယခင်နှစ်က စလင်းမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ နေရာဒေသအလိုက် ဝါသီးနှံများအတွက်နှုန်းကောင်းခဲ့၍ မိသားစုများ ဝင်ငွေတိုးပွားခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံစိုက်ပျိုးရေးတောင်သူများ၏ ပြောပြချက်အရ သိရသည်။ **မောင်လွင်(စလင်း)**

---

## သံလွင်မြစ်ရေနှင့် ဘီးလင်းမြစ်ရေ ဘားအံမြို့နှင့် ဘီးလင်းမြို့တို့တွင် စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၁၀**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၄ ဒသမ ၆၁ ပေ (၇၅၀ စင်တီမီတာ)အောက် တစ်ပေကျော် (၃၅ စင်တီမီတာ) တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၃ ဒသမ ၅၃ ပေ (၁၀၂၂ စင်တီမီတာ)အောက် နှစ်ပေခန့် (၅၈ စင်တီမီတာ) တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်နှင့် ဘီးလင်းမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် တိုက်ကြီးမွေးမြူရေးဇုန်၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ သွားရောက်ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၀

**ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းက တိုက်ကြီးမြို့နယ် ချင်းကုန်းကျေးရွာအုပ်စု ခရိုင်ချင်းဆက်လမ်း မိုင်တိုင် (၃၄/၆) အနီး မြေဧရိယာဧက ၂၀၀၀ တွင် တိုက်ကြီးမွေးမြူရေးဇုန်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းခွင်အတွင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။**



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရှင်းလင်းဆောင်၌ တိုင်းဒေသကြီးဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံရာ တာဝန်ရှိသူများက ဇုန်အတွင်း ရေရရှိရေးအတွက် ရေလှောင်တမံ တည်ဆောက်ထားရှိမှု၊ လျှပ်စစ်မီးရရှိရေးဆောင်ရွက်နေမှု၊ ဇုန်အတွင်းလမ်းများ ကွန်ကရစ်ခင်းပြီးစီးမှုနှင့် ကျန်ရှိလမ်းများ ဆက်လက်ဆောင်ရွက်မည့် အခြေအနေများနှင့် လုပ်ငန်းကဏ္ဍအလိုက် လုပ်ဆောင်နေမှုများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးများက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ မွေးမြူရေးဇုန်အား ဌာနဆိုင်ရာများမှ မိမိတို့တာဝန်ယူဆောင်ရွက်ရသည့် လုပ်ငန်းကဏ္ဍများအလိုက် စနစ်တကျ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ဇုန်အတွင်း တိရစ္ဆာန်အစာပင်များ တွဲဖက်စိုက်ပျိုးကြရန် မွေးမြူရေးလုပ်ငန်းရှင်များအား အသိပေးရန်၊ လုပ်ငန်းများကို ဝိုင်းဝန်းညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ဆိတ်အကောင်ရေ ၁၀၀၀ မွေးမြူရန် ဆောင်ရွက်မည့်နေရာတွင် ရောက်ရှိအကောင်ရေ ၁၇၀ မွေးမြူထားရှိမှု၊ နို့စားနွား ၂၈၅ ကောင် မွေးမြူရန်နေရာတွင် ရောက်ရှိ အကောင်ရေ ၃၀ မွေးမြူထားရှိမှု၊ ကြက်သားပေါက်ကောင်ရေ ၇၀၀၀ မွေးမြူထားရှိမှု၊ မွေးမြူရေးဇုန်အတွက်ရေရရှိရေး (ဧကပေ ၁၇၄၀) သိုလှောင်နိုင်သည့်သနပ်ချောင်း ရေလှောင်တမံအတွင်း ရေဝင်ရောက်မှုအခြေအနေများနှင့် ရေပိုလွှဲတည်ဆောက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ကန့်သတ်နယ်မြေအဖြစ် သတ်မှတ်၍ ရေမကူးရ၊ ငါးမဖမ်းရ၊ သစ်ပင်မခုတ်ရ အသိပေးဆိုင်းဘုတ်များ ဆောင်ရွက်ထားရှိရန်နှင့် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

# ဘားအံမြို့နယ် အိန္ဒဲကျေးရွာအုပ်စု၌ သုတရတနာ စာကြည့်တိုက်သစ်ဖွင့်လှစ်

**ဘားအံ စက်တင်ဘာ ၁၀**

မြန်မာနိုင်ငံ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု ကော်မတီ၏ မတည်ထောက်ပံ့ငွေကျပ် သိန်း ၁၅၀၊ ပြည်သူလူထုထည့်ဝင်ငွေကျပ်သိန်း ၉၀ စုစုပေါင်း ငွေကျပ်သိန်း ၂၄၀ ကျော်ဖြင့် တည်ဆောက်ပြီးစီးသည့် ဘားအံမြို့နယ် အိန္ဒဲကျေးရွာအုပ်စုရှိ သုတရတနာ စာကြည့်တိုက်သစ် ဖွင့်ပွဲကို စက်တင်ဘာ ၁၀ ရက် နံနက် ၈ နာရီက အဆိုပါစာကြည့်တိုက်သစ် အဆောက်အဦ တည်နေရာ၌ ကျင်းပသည်။



စာကြည့်တိုက် ဖွင့်ပွဲတွင် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မြင့်ဦးက စာကြည့်တိုက်များနှင့် စာအုပ်စာပေများသည် မိမိတို့လက်လှမ်းမီသော နေရာများတွင်သာ တည်ရှိနေပြီး လွယ်လင့်တကူ လေ့လာဖတ်ရှုနိုင်ကြကာ လူတန်းစားမရွေး၊ အသက် ကြီးငယ်မရွေး၊ လူမျိုး ဘာသာမခွဲခြားဘဲ ဗဟုသုတ ရှာမှီးရာ နေရာတစ်ခုဖြစ်သောကြောင့် စာကြည့်တိုက်မှ စာအုပ်စာပေများကိုဖတ်ရှု၍ ဘဝတိုးတက်အောင်မြင်အောင်၊ မိမိတို့၏ အနာဂတ် မျိုးဆက်သစ်လူငယ်များကိုလည်း အစဉ်အမြဲစာပေဖတ်ရှုလေ့လာနိုင်အောင် စာဖတ်များအောင် တိုက်တွန်းကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် စေတနာရှင်၊ အလှူရှင်များနှင့် ဌာနဆိုင်ရာများက အိန္ဒဲကျေးရွာအုပ်စု သုတရတနာ စာကြည့်တိုက်အတွက် ငွေပဒေသာပင်များ ပေးအပ်လှူဒါန်းကြရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကရင်ပြည်နယ်စာကြည့်တိုက်များ ဖောင်ဒေးရှင်း ဥက္ကဋ္ဌက သုတရတနာစာကြည့်တိုက်အတွက် ပြည်နယ်လူမှုရေးဝန်ကြီးထံ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်က စာကြည့်တိုက်များတည်ဆောက်ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဘားအံခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်က စာကြည့်တိုက်အဆောက်အဦနှင့် ပတ်သက်သည့် စာရွက်စာတမ်းများ၊ စာအုပ်စာစောင်နှင့်ပရိဘောဂများကို စာကြည့်တိုက်ကော်မတီထံ လွှဲပြောင်းပေးအပ်ကာ စာကြည့်တိုက် ကော်မတီဝင်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖတစ်ဦးတို့က သုတရတနာစာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ (ဝဲပုံ)

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုအားပေးသည်။

ကရင်ပြည်နယ် သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီ၏ (၃/၂၀၁၄) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို စက်တင်ဘာ ၉ ရက် မွန်းလွဲပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပရာ ပြည်နယ်သန်းခေါင်စာရင်း ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီးဖလား ပထမရွှေတံဆိပ်ဆုရ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် ဘောလုံးအသင်းအား ဂုဏ်ပြုကြိုဆိုပွဲကျင်းပ

**စစ်ကိုင်း စက်တင်ဘာ ၁၀**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလား အမျိုးသား (အလွတ်တန်း) ဘောလုံးပြိုင်ပွဲကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ် (၆) အခြေခံပညာ အထက်တန်းကျောင်း ဘောလုံးကွင်း၌ ဩဂုတ် ၂၃ ရက်မှ ၂၇ ရက်အထိ ကျင်းပပြီး အဆိုပါ ဘောလုံးပြိုင်ပွဲတွင် သမဝါယမဦးစီးဌာန၊ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်) နှင့် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (စစ်ကိုင်း) ကိုယ်စားပြု ဘောလုံးအသင်း စုစုပေါင်းခြောက်သင်း ဝင်ရောက်ယှဉ်ပြိုင် ကစားခဲ့သည်။ ပြည်ထောင်စုဝန်ကြီးဖလား အမျိုးသား (အလွတ်တန်း) ဘောလုံးပြိုင်ပွဲတွင် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (စစ်ကိုင်း) ဘောလုံးအသင်းသည် ပထမဆု ရွှေတံဆိပ်ဆွတ်ခူးရရှိခဲ့သည်။



ဆုရတက္ကသိုလ်ဘောလုံးအသင်းအား ဂုဏ်ပြုကြိုဆိုပွဲကို တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ယနေ့ နံနက် ၁၀ နာရီက ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာမို့မို့ရီက ဂုဏ်ပြုအမှာစကားပြောကြားပြီး အားကစားသမားများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။ ထို့နောက် အသင်းအုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများက ပြည်ထောင်စုဝန်ကြီးဖလားအား တက္ကသိုလ်သို့ အပ်နှံကာ တာဝန်ရှိသူများနှင့် အားကစားသမားများအား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**ဝင်းနိုင်ထွန်း**

# ခနုဖြူမြို့နယ်၌ ဆေးနှင့် ဆေးပစ္စည်းများ ပြုတ်တောက်မှုမရှိစေရေးဆောင်ရွက်

**ခနုဖြူ စက်တင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ခနုဖြူမြို့နယ်၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ စားသုံးသူရေးရာဦးစီးဌာနတို့ပူးပေါင်းကာ ခနုဖြူမြို့ပေါ်ရှိ ဆေးဆိုင်ခြောက်ဆိုင်တွင် ရောင်းချနေသောဆေးများအား ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက ဆောင်ရွက်သည်။

မြို့နယ်စားသုံးသူရေးရာဦးစီးဌာနအပါအဝင် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်မှု ကော်မတီအဖွဲ့၊ စစ်ဆေးရေးဌာနစုံအဖွဲ့တို့မှ ခနုဖြူမြို့မဈေးအတွင်းရှိ ဆေးဆိုင်များအား ဆေးဝါးပြုတ်လပ်မှု ရှိ/မရှိ၊ စံမမီဆေးဝါးများ ရောင်းချမှုရှိ/မရှိ စစ်ဆေးပြီး မြို့နယ်အတွင်းရောင်းချသည့် ဆိုင်များနှင့် ဈေးကွက်တွင် ကုန်ပစ္စည်း ပြုတ်လပ်သွားမည်ကို မစိုးရိမ်ကြရန်နှင့် ပုံမှန်လည်ပတ်ရောင်းချရန် မှာကြားခဲ့ကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

- **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် အသားနှင့်နို့ ဖူလုံပိုလျှံမှုရှိစေရေး မေထုန်မဲ့သားစပ်သင်တန်းဖွင့်

**တောင်ငူ စက်တင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် အသားနှင့်နို့ ဖူလုံပိုလျှံမှုရှိစေရေး မေထုန်မဲ့သားစပ်သင်တန်းဖွင့်ပွဲကို တောင်ငူမြို့ ကေတုရတနာခန်းမ၌ စက်တင်ဘာ ၉ ရက် နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက တိုင်းဒေသကြီးအတွင်း စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ခေတ်မီနည်းစနစ်များဖြင့် ကုန်ထုတ်လုပ်မှု တိုးတက်စေရေး လိုအပ်သည်များ ပံ့ပိုးကူညီ ဖြည့်ဆည်းဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသတွင်း အသားနှင့်နို့ ထုတ်လုပ်မှု ဖူလုံစေရေး၊ စားသုံးမှုဖူလုံစေရေးနှင့် ပြည်ပမှ နို့နှင့်နို့ထွက်ပစ္စည်း တင်သွင်းမှုလျှော့ချနိုင်စေရေးအတွက် မေထုန်မဲ့သားစပ်ခြင်းသင်တန်းကို ဖွင့်လှစ်ပေးရခြင်းဖြစ်ပြီး ကျေးလက်ဒေသပါမကျန် မေထုန်မဲ့သားစပ်ခြင်းလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယခုသင်တန်းသည် ကိုယ်တိုင်မွေးမြူသူလုပ်ငန်းရှင်များအား လက်တွေ့မေထုန်မဲ့သားစပ်ခြင်းနှင့် တိရစ္ဆာန်မွေးမြူခြင်းဆိုင်ရာ



အသိပညာများ သင်ကြားပေးသွားမည်ဖြစ်၍ စိတ်ပါဝင်စားစွာ လေ့လာမှတ်သား သင်ကြားစေလိုကြောင်းနှင့် သင်တန်းဆရာများအနေဖြင့် သင်ကြားမည့် ဘာသာရပ်အလိုက် သင်တန်းသားများ နားလည်သဘောပေါက်အောင် စနစ်တကျ သင်ကြားပေးရန်လိုကြောင်း၊ ဒေသတွင်း နို့စားနွား မွေးမြူရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။**(အပေါ်ပုံ)**

ထို့နောက် ပဲခူးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းဗိုလ်က မေထုန်မဲ့သားစပ်ခြင်းဆိုင်ရာ အသိပညာများနှင့် ဒေသတွင်းမေထုန်မဲ့သားစပ်ခြင်း လုပ်ငန်းဆောင်ရွက်သင့်သည့် အချက်များကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ သင်တန်းနည်းပြဆရာများ၊ တောင်ငူမြို့နယ်၊ အုတ်တွင်းမြို့နယ်၊ ထန်းတပင်မြို့နယ်၊ ဖြူးမြို့နယ်နှင့် ရေတာရှည်မြို့နယ်တို့မှ နို့စားနွားနှင့် ဒေသနွား မွေးမြူသူလုပ်ငန်းရှင် သင်တန်းသားများနှင့် အမှတ်တရ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြပြီး သင်တန်းတွင် လက်တွေ့သင်ကြားပြသမည့် အထောက်အကူပြုပစ္စည်းများကို လှည့်လည်ကြည့်ရှုသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း မေထုန်မဲ့သားစပ်သင်တန်းကို ပြည်ခရိုင်၊ သာယာဝတီခရိုင်နှင့် ပဲခူးခရိုင်တို့တွင်လည်း ကိုယ်တိုင်မွေးမြူသူ လုပ်ငန်းရှင် သင်တန်းသား ၁၀၀ စီဖြင့် သင်တန်းကာလ ၆ ရက်ကြာ ဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး သင်တန်းသားတစ်ဦးလျှင် မေထုန်မဲ့သားစပ်ကောင်ရေအနည်းဆုံး ၁၀ ကောင် လက်တွေ့သားစပ်ခြင်း ဆောင်ရွက်ခွင့်ရရှိမည်ဖြစ်သည့်အပြင် မေထုန်မဲ့သားစပ်လုပ်ကိုင်ခွင့် လက်မှတ် ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၀**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း အမှတ်(၂၂၈)ရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံဝင်း ပထမထပ် စုဝေးခန်းမ၌ ကျင်းပသည်။**(အောက်ပုံ)**

အဆိုပါ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသူ ၃၇ ဦးက သတင်းမီဒီယာကောင်စီဝင် ကိုယ်စားပြု ကိုယ်စားလှယ်အတွက် ဆန္ဒမဲပေးကြရာ ကိုယ်စားလှယ်လောင်း ၁၄ ဦးအနက် ဦးအေးချမ်း၊ ဦးတင်ဝင်း (တင်ဝင်းလေး-ကြည့်မြင်တိုင်)နှင့် ဦးမောင်မောင်ဦး (ဟိန်းလတ်)တို့ သုံးဦးကို မြန်မာနိုင်ငံ သတင်းမီဒီယာ ကောင်စီဝင်အဖြစ် ရွေးချယ်တင်မြှောက်ကြသည်။



မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ (စတုတ္ထ)သက်တမ်းအတွက် ရွေးချယ်ထားသည့် ကောင်စီဝင် ၂၆ ဦးရှိပြီး ယနေ့ တင်မြှောက်သော သုံးဦးကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း မြန်မာနိုင်ငံ သတင်းမီဒီယာ ကောင်စီဝင်ရွေးချယ်တင်မြှောက်ရေးအဖွဲ့ထံ စက်တင်ဘာ ၁၆ ရက်နောက်ဆုံးထား၍ ကန့်ကွက်စာပေးပို့နိုင်ကြောင်း၊ ကန့်ကွက်စာများရှိပါက လက်ခံရရှိသည့်နေ့မှ ၁၅ ရက်အတွင်း ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ကြားနာစစ်ဆေးဆုံးဖြတ်ကာ အတည်ပြုပေးမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ (စတုတ္ထ) သက်တမ်းအတွက် အလုပ်အမှုဆောင်ရွေးချယ်တင်မြှောက်ပွဲကို စက်တင်ဘာလတတိယပတ်အတွင်း ထပ်မံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



နှစ် (၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၇ ရက်က ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး တင်ဇော်ထွန်း ဦးစီးသည့် တပ်ဖွဲ့ဝင်၊ စာရေးဝန်ထမ်း ၉၀ တို့ ပုသိမ်ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်၌ စုပေါင်းသွေးလှူဒါန်းစဉ်။
ပုသိမ်လှကြည်



ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့၌ နှစ် (၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပင်လောင်းမြို့ ပြည်သူ့ဆေးရုံးဝင်းအတွင်း မြို့နယ် ရဲတပ်မှူး ရဲမှူးဇော်ဝင်းနိုင်နှင့် ရဲတပ်ဖွဲ့ဝင်များ စက်တင်ဘာ ၉ ရက်က စုပေါင်းသန့်ရှင်းရေး ပြုလုပ်စဉ်။ မြို့နယ်(ပြန်/ဆက်)

## ဂျပန်နိုင်ငံတွင် ပညာသင်ဆုလျှောက်ထားလိုသူများအတွက် Long-term Career Development ပညာသင်ဆု အစီအစဉ် (FY2025)ကို စက်တင်ဘာလအတွင်း လျှောက်လွှာစတင်လက်ခံမည်

**ရန်ကုန် စက်တင်ဘာ ၁၀**

ဂျပန်နိုင်ငံတွင် ပညာသင်ဆုလျှောက်ထားလိုသူများအတွက် Long-term Career Development ပညာသင်ဆုအစီအစဉ် (FY2025)ကို ၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း လျှောက်လွှာစတင်လက်ခံမည်ဖြစ်ကြောင်း Myanmar Japan Centerမှ အသိပေးကြေညာထားသည်။ Agricultural / Environmental Science၊ Management (MBA)၊ Economics၊ Engineering/Information Technology၊ Tourism ဘာသာရပ်များအတွက် Master Degree အတွက် Long-term Career Development ပညာသင်ဆုအစီအစဉ် (FY2025)ကို ယခုလအတွင်း လျှောက်လွှာစတင်လက်ခံမည်ဖြစ်ကြောင်း အသိပေးကြေညာထားချက်တွင်ပါရှိသည်။

လျှောက်ထားသူသည် အသက် ၂၂ မှ ၃၉ နှစ်အတွင်း ရှိရမည်။ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး ပုဂ္ဂလိကကဏ္ဍတွင် လုပ်ကိုင်နေသူဖြစ်ရမည်။ (၁၉၈၅၊ ဧပြီလ ၂ ရက်နေ့နှင့်/ နောက်ပိုင်းမွေးဖွားသူနှင့်၊ ၂၀၀၃၊ ဧပြီလ ၁ ရက်နေ့နှင့်/ မတိုင်ခင်မွေးဖွားသူ)များ လျှောက်ထားနိုင်ကြောင်း ဖော်ပြထားသည်။ ထို့အတူ မြန်မာ-ဂျပန်စင်တာ (MJC) မှ သင်တန်းများကို တက်ရောက်ဖူးသူများ သို့မဟုတ် MJC ၏ business course များနှင့် activities များကို တက်ရောက်ခဲ့သော ကုမ္ပဏီများမှ ဝန်ထမ်းများလည်း လျှောက်ထားနိုင်ပြီး UMFCCI တွင် အလားတူ business management course များ တက်ရောက်ဖူးသူများလည်း အကျုံးဝင်သည်ဟု အသိပေးထားသည်။

လျှောက်ထားရန်လိုအပ်သည့် အခြားသော criteria များနှင့် သတင်းအချက်အလက်များကို MJC Website link:https://mjclcdp 2024com. yourwebsitespace.com/?r = 1724298574931 တွင် ဝင်ရောက်လေ့လာနိုင်ပြီး စုံစမ်းမေးမြန်းမှုများအတွက် Email Address: scholarship.mjc @ gmail. com ဖြစ်ကြောင်း သိရသည်။

**MT**



နှစ် (၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရွှေတောင်မြို့နယ်ရဲတပ်ဖွဲ့ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးအုန်းမြင့်နှင့် မြို့မရဲစခန်းမှူး ဒုတိယရဲမှူး ကျော်မိုးနိုင် ဦးဆောင်သော တပ်ဖွဲ့ဝင်များက စက်တင်ဘာ ၉ ရက်က အ-ထ-က (ရွှေတောင်)ကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။မြို့နယ်(ပြန်/ဆက်)

**အိမ်ပြင်ပ၌ ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# တစ်ဦးဆောင်သော်မရ တစ်သောင်းဆောင်သော်ရ၏

မောင်မောင်လင်း

**တစ်ဦးတစ်ယောက်ကောင်းလုပ်ဆောင်မှုနဲ့ အများနဲ့ပူးပေါင်းလုပ်ဆောင်မှုဆိုတဲ့ နှစ်မျိုးအကြား ဘယ်ဟာက ပိုကောင်းလဲဆိုတဲ့ မေးခွန်းကတော့ အင်မတန်မှကို စိတ်ဝင်စားစရာ ဖြစ်ပါတယ်။ "တစ်ယောက်ကောင်းက တစ်သောင်းဗိုလ်ခြေ ညက်ညက်ကြေ" ဆိုတဲ့စကားအတိုင်း လူ့သမိုင်းတစ်လျှောက်မှာ သူရဲကောင်း၊ တစ်ကိုယ်တော် စွမ်းဆောင်မှုတွေကြောင့်လည်း သိသာထင်ရှားတဲ့ ပြောင်းလဲမှုတွေကို ဖြစ်ပေါ်စေခဲ့ဖူးပါတယ်။ ဒါပေမယ့်လည်း လူ့အဖွဲ့အစည်းဟာ ပိုပြီးစုစည်းလာသလို ပိုမိုကြီးမားတဲ့ စိန်ခေါ်မှုတွေကို ကြုံတွေ့လာတာနဲ့အမျှ ပူးပေါင်းဆောင်ရွက်မှုနဲ့ အဖွဲ့နဲ့စုပေါင်းလုပ်ဆောင်မှုဟာ တစ်ဦးတစ်ယောက်ကောင်း စွမ်းဆောင်မှုထက် ပိုမိုထိရောက်မှုရှိတယ်ဆိုတာ သိရှိလာပါတယ်။**

**အဖွဲ့နဲ့စုပေါင်းလုပ်ဆောင်မှုစနစ် ဆိုရာဝယ်**


ဒီနေရာမှာတောင် ဘာသာရပ်ဆိုင်ရာ ဝေါဟာရအရ Group နဲ့ Team ဆိုပြီး နှစ်မျိုးကွဲပြားမှု ရှိနေပါတယ်။ ဒီနှစ်မျိုးကို အလွယ်ခွဲခြားပြရမယ်ဆိုရင် Group ဆိုတာ ရည်ရွယ်ချက်နဲ့ အကျိုးစီးပွားထပ်တူကျတဲ့သူတွေ စုစည်းထားတဲ့ အဖွဲ့အစည်းမျိုးဖြစ်ပါတယ်။ အဖွဲ့ဝင်တစ်ဦးချင်းစီတိုင်းမှာ မတူညီတဲ့ ပန်းတိုင်ကိုယ်စီရှိနေနိုင်ပြီး သီးခြားလွတ်လပ်စွာ လုပ်ဆောင်နိုင်သလို တစ်ဦးရဲ့လုပ်ဆောင်မှုက အခြားတစ်ဦးအပေါ် တိုက်ရိုက်သက်ရောက်တာမျိုးနဲ့ အပြန်အလှန် မှီခိုနေရတာမျိုးလည်း မရှိနိုင်ပါဘူး။ အချို့သော Group တွေမှာဆိုရင် ရှင်းလင်းတိကျတဲ့ ခေါင်းဆောင်မှုပုံစံတို့ တာဝန်ဝတ္တရားခွဲဝေမှုတို့တောင် မရှိတာမျိုးတွေ့ရှိရပါတယ်။

Team ဆိုတာကတော့ Together Everyone Achieves More ဆိုတဲ့ အစစကားလုံးတွေကို ပေါင်းစပ်ထားတာလို့ တင်စားကြပါတယ်။ မတူညီတဲ့နယ်ပယ်တွေရဲ့ ကျွမ်းကျင်သူတွေကို စုစည်းထားတာဖြစ်တဲ့အတွက် ကျစ်လျစ်ပြီး အကျိုးသက်ရောက်မှု အားကောင်းပါတယ်။ သက်ဆိုင်ရာကဏ္ဍကို တာဝန်ယူထားရသူတွေက ကိုယ့်တာဝန်ကို ကျေပွန်အောင် တာဝန်ယူ၊ တာဝန်ခံလုပ်ဆောင်ရပါတယ်။ အားလုံးက ကိုယ့်အလုပ်ကို လုပ်ရပေမယ့် ပန်းတိုင်ကတော့ တစ်ခုတည်းပါ။ ကိုယ်တာဝန်ယူထားရတဲ့ ကဏ္ဍကို ကျေပွန်အောင် အသီးသီးလုပ်နေကြရင်းနဲ့ကိုပဲ မိမိတို့ပါဝင်နေတဲ့ အဖွဲ့အစည်းရဲ့ အကျိုးအမြတ်နဲ့ အောင်မြင်မှုကို ရရှိစေပါတယ်။ သက်ဆိုင်ရာကဏ္ဍရဲ့ ကျွမ်းကျင်သူတွေကို ကျစ်ကျစ်လျစ်လျစ် ဖွဲ့စည်းထားတာမို့လို့ ပန်းတိုင်နဲ့သွေဖည်သွားမှာ၊ နှောင့်နှေးကြန့်ကြာမှာ၊ အလုပ်မပြီးမြောက်မှာတွေလည်း မရှိပါဘူး။

အနှစ်ချုပ်ပြောရရင် Team က ပုံစံတကျဖွဲ့စည်းမှုနဲ့ ပေါင်းစည်းထားတဲ့ လူအစုအဖွဲ့၊ ရည်ရွယ်ချက်အပေါ် မျှဝေရမှု၊ တစ်ဦးချင်း ထမ်းဆောင်ရမယ့် တာဝန်နဲ့ ပါဝင်ရမယ့် အခန်းကဏ္ဍကို သတ်မှတ်ထားမှုနဲ့ ပူးပေါင်းစွမ်းဆောင်မှုအပေါ် အလေးထားမှုတို့ ဖြစ်ပါတယ်။ Group က အစုအဖွဲ့တစ်ခုအနေဖြင့်သာ တည်ရှိနေချိန်မှာ Team ကတော့ ရည်မှန်းချက်တစ်ခု ပေါက်မြောက်အောင်မြင်စေဖို့ အဖွဲ့ဝင်တွေ အားလုံး တက်တက်ကြွကြွနဲ့ ပူးပေါင်းလုပ်ဆောင်ကြရတာမျိုး ဖြစ်ပါတယ်။ ဥပမာအားဖြင့် Fan Clubs လို Group တွေနဲ့ Manchester United ဘောလုံးအသင်းတို့၊ Apple နဲ့ Google လို Team တွေ ဖြစ်ပါတယ်။

**အစုအဖွဲ့တစ်ခု ဖွံ့ဖြိုးတိုးတက်လာမှုအဆင့်များ**

အစုအဖွဲ့တစ်ခု စတင်ထူထောင်တာကနေ ဖွံ့ဖြိုးတိုးတက်လာမှုနဲ့ စပ်လျဉ်းပြီး ၁၉၆၅ ခုနှစ်မှာ အမေရိကန်လူမျိုး စိတ်ပညာရှင် Bruce Tuckman ဖော်ထုတ်တွေ့ရှိထားတာကတော့ ပထမဆုံးအဆင့်အနေနဲ့ စတင်ဖွဲ့စည်းရပါမယ် (Forming)။ ပြီးရင် အဖွဲ့ဝင်တွေအကြား အားပြိုင်မှု (Storming) ဖြစ်ပေါ်လာမှာ ဖြစ်ပါတယ်။ အခန့်မသင့်ရင် "စလယ်ဝင်ဖင်မည်းခင်ကကွဲ" ဆိုတဲ့အတိုင်း အဖွဲ့အစည်းပြိုကွဲသွားပါမယ်။ အဲဒီလိုမဟုတ်ဘဲ ပြေလည်သွားကြပြီး အဖွဲ့ဝင်တွေအကြား ပူးပေါင်းဆောင်ရွက်ကြတော့မယ်ဆိုရင်တော့ အားလုံးလက်သင့်ခံနိုင်မယ့်




> ❑ **ဒါကြောင့် Team တစ်ခုဖွဲ့စည်းပြီဆိုတာနဲ့ Leader တစ်ဦးက ဦးဆောင်ပြီး ကျန်တဲ့အဖွဲ့ဝင် (Team Member) တွေက Teamwork ရှိရှိနဲ့တက်ညီလက်ညီ လှုပ်ရှားကြရမှာ ဖြစ်ပါတယ်။ ဒီလိုမျိုး အဖွဲ့လိုက်လုပ်ဆောင်တဲ့အခါမှာ တာဝန်ယူမှုတွေကို အပိုင်းလိုက် အပိုင်းလိုက် စေ့စပ်သေချာစွာ လုပ်ကိုင်မယ်ဆိုရင် အလုပ်တွေမြန်ဆန်ပြီး ခရီးတွင်မှာ အသေချာပဲ ဖြစ်ပါတယ်။ တစ်ဦးချင်းစီကလည်း စိတ်ကူးစိတ်သန်းတွေကို ပြောပြဆွေးနွေးတိုင်ပင်ပြီး ကောင်းမွန်တဲ့ ရလဒ်ကောင်းတစ်ခု ထွက်ပေါ်လာအောင် ဖန်တီးကြရမှာဖြစ်သလို အခက်အခဲတွေနဲ့ ကြုံတွေ့လာတဲ့အခါမှာလည်း တစ်ဦးနဲ့တစ်ဦး ဖေးမရိုင်းပင်းကူညီပြီး ဖြေရှင်းနိုင်ရမှာလည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ Team မှာ ပါဝင်မယ့် လူတွေဟာ သူ့နေရာနဲ့သူ အသုံးတည့်တဲ့လူတွေ ဖြစ်နေဖို့ လိုအပ်ပါတယ်**

မူဘောင်တွေချမှတ်တာမျိုး၊ ရှေ့လုပ်ငန်းစဉ်ချမှတ်တာမျိုး (Norming) တွေ ပြုလုပ်ရမှာ ဖြစ်ပါတယ်။ အဲဒီနောက် အဖွဲ့ရဲ့လုပ်ငန်းဆောင်တာတွေကို ဆောင်ရွက်လို့ရပြီ ဖြစ်ပါတယ် (Performing)။ နောက်ဆုံးအဆင့်ကတော့ လုပ်ငန်းပြီးမြောက်တာ၊ ရည်ရွယ်ချက် အထမြောက်တာကြောင့် အဖွဲ့ကို ဖျက်သိမ်းလိုက်တာ (Adjourning) ဖြစ်ပါတယ်။ ဒီသီအိုရီဟာ Group နဲ့ Team နှစ်မျိုးလုံးနဲ့ ယေဘုယျအားဖြင့် ကိုက်ညီမှုရှိပါတယ်။

ဆက်လက်ပြီးတော့ အဖွဲ့စနစ်နဲ့ ခေါင်းဆောင်မှုဆိုင်ရာ အထူးပြုဖော်ထုတ်တွေ့ရှိထားတဲ့ သီအိုရီတွေ၊ မိုဒယ်တွေကို နက်နက်ရှိုင်းရှိုင်း လေ့လာမှတ်သားပြီး အသင်းအဖွဲ့တစ်ခုကို အောင်မြင်စွာ ဦးဆောင်နိုင်ဖို့၊ စီမံခန့်ခွဲနိုင်ဖို့နဲ့ အဖွဲ့ထဲမှာ ပါဝင်နေသူတွေရဲ့ စွမ်းရည်တွေကို အကဲဖြတ်ပေးနိုင်ဖို့ အကြံပြုတင်ပြပေးသွားမှာ ဖြစ်ပါတယ်။ ဒီအပြင် အသင်းအဖွဲ့တစ်ခု အောင်မြင်မှုရရှိစေရေးအတွက် မတူကွဲပြားမှုများ (Diversity) နဲ့ လိုက်လျောညီထွေမှု (Adaptability) တို့ရဲ့အရေးပါမှုကိုလည်း ဖော်ပြပေးလိုက်ရပါတယ်။

**The Drexler/ Sibbet Team Performance Model ဆိုရာဝယ်**

ဒီမိုဒယ်က အသင်းအဖွဲ့တစ်ခု ပုံမှန်ဖြတ်သန်းသွားရမယ့် အဆင့်ခုနစ်ဆင့်နဲ့ ဖော်ပြထားပြီး အဖွဲ့ဝင်တွေအနေနဲ့ အဆင့်တစ်ခုချင်းစီကို အောင်မြင်စွာ ဖြတ်သန်းနိုင်ကြဖို့ လက်တွေ့လုပ်ဆောင်ရမယ့် အချက်တွေကတော့-

(က) **မိတ်ဆက်ခြင်း (Orientation)**။ အဲဒီအဆင့်ကတော့ အတူလက်တွဲ လုပ်ကိုင်ဖို့ Team ကို စတင်ဖွဲ့စည်းတဲ့အချိန် ဖြစ်တာကြောင့် ဇဝေဇဝါဖြစ်မှု၊ ဘာလုပ်လို့ ဘာကိုင်ရမယ်ဆိုတာမသိမှုနဲ့ စိုးရွံ့နေမှုတွေ ရှိနေမှာဖြစ်ပါတယ်။ ဒါကြောင့် Team ရဲ့ ရည်ရွယ်ချက်၊ ဘယ်လို အဖွဲ့အစည်းဆိုတာမျိုးနဲ့ ဘယ်သူတွေ ပါဝင်တယ်ဆိုတာကို ရှင်းရှင်းလင်းလင်း သိရှိအောင် လုပ်ပေးရပါမယ်။

(ခ) **ယုံကြည်မှုတည်ဆောက်ခြင်း (Trust Building)**။ ဒီအဆင့်မှာတော့ အဖွဲ့ဝင်တွေအကြား အချင်းချင်းအပြန်အလှန် လေးစားမှုနဲ့ ယုံကြည်ကိုးစားမှု ရရှိစေဖို့၊ မကြာခဏ တွေ့ဆုံထိတွေ့မှုတွေ ပြုလုပ်စေတာမျိုးနဲ့ ယုံကြည်မှု တည်ဆောက်ပေးရမှာ ဖြစ်ပါတယ်။

(ဂ) **ရည်မှန်းချက်ပန်းတိုင်သတ်မှတ်ခြင်း (Goal Clarification)**။ ဒီအဆင့်မှာတော့ Team ရဲ့ ရည်မှန်းချက်သတ်မှတ်လို့ရပြီဖြစ်ပါတယ်။

(ဃ) **တာဝန်ယူစေမှု (Commitment)**။ ဒီအဆင့်မှာတော့ တစ်ဦးချင်း ထမ်းဆောင်ရမယ့်တာဝန်နဲ့ အခန်းကဏ္ဍကို သတ်မှတ်ပေးရပါမယ်။ အရင်းအမြစ်ခွဲဝေမှုနဲ့ အဆုံးအဖြတ်ချမှတ်မှုတွေ လုပ်ဆောင်ရမှာလည်း ဖြစ်ပါတယ်။

(င) **အကောင်အထည်ဖော်ခြင်း (Imple-mentation)**။ ဒီအဆင့်မှာတော့ တိုးတက်မှုတွေလည်း ရှင်းလင်းမြင်သာစွာ တွေ့ရမှာဖြစ်သလို အချင်းချင်း အကြားမှာလည်း ညီညွတ်မှုရှိလာကာ Team ရဲ့ ရည်မှန်းချက်တွေကို စည်းစနစ်ကျနစွာ အကောင်အထည်ဖော်နေပြီ ဖြစ်ပါတယ်။

(စ) **မြင့်မားစွာ စွမ်းဆောင်နိုင်ခြင်း (High Performance)**။ ဒီအဆင့်မှာတော့ အချင်းချင်းအကြား သဟဇာတဖြစ်ပြီး သူ့သဘောကိုယ်သိ၊ ကိုယ့်သဘောသူသိဖြစ်လာကာ ညီညွတ်မှုစွမ်းအား ရရှိလာကြတာကြောင့် Team ရဲ့ စွမ်းဆောင်ရည်ဟာ အမြင့်မားဆုံးအဆင့်ကို ရောက်ရှိနေမှာ ဖြစ်ပါတယ်။

(ဆ) **သက်တမ်းအသစ်အစပြုခြင်း (Rene-wal)**။ ရည်မှန်းချက် အောင်မြင်ပြီးမြောက်သွားတဲ့နောက်ပိုင်းမှာခြေကုန်လက်ပန်းကျတာမျိုး၊ ငြီးငွေ့သွားတာမျိုးတွေ ဖြစ်တတ်တာကြောင့် အသိအမှတ်ပြုတာ၊ အောင်ပွဲခံတာမျိုးတွေ ပြုလုပ်ပေးရပါမယ်။ ကျွမ်းကျင်ပိုင်နိုင်သွားပြီဖြစ်တဲ့ လုပ်ငန်းကဏ္ဍကို အခြားအသစ်တစ်ခုနဲ့ ပြောင်းလဲလိုက်တာမျိုးပြုလုပ်ပြီး Team ရဲ့ စွမ်းဆောင်နိုင်ရည်နှုန်းကို ဆက်လက်ထိန်းသိမ်းထားဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

The Drexler/ Sibbet Team Performance Model ကို အသုံးပြုပြီး ခေါင်းဆောင်တွေဟာ မိမိ Team ရဲ့ တိုးတက်ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်ကို အကဲဖြတ်နိုင်ပြီး အကူအညီ လိုအပ်နိုင်မယ့် နေရာတွေကို ကြိုတင်သိရှိမှတ်သားထားနိုင်ပါတယ်။ အဆင့်တိုင်းမှာရှိနေတဲ့ အဖွဲ့ဝင်တွေရဲ့ ကိုယ်စီတာဝန်တွေနဲ့ တာဝန်ယူမှုတွေကို နားလည်သိရှိနိုင်သလို အဖွဲ့သားအချင်းချင်းလည်း ဘယ်လိုထိရောက်စွာ ဆက်သွယ်ဆက်ဆံရမယ်ဆိုတာကို ပိုမိုနားလည်သိရှိနိုင်တာကြောင့် Team စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်ပါတယ်။

**အသင်းအဖွဲ့မိုဒယ် (The Team Model) ဆိုရာဝယ်**

ဒီမိုဒယ်မှာ အဖွဲ့အစည်းတစ်ရပ်ရဲ့ အားသာချက်တွေနဲ့ အားနည်းချက်တွေကို အကဲဖြတ်နိုင်ဖို့အတွက် အခြေခံမူဘောင်တွေကို ဖော်ပြပေးထားပါတယ်။ ဒီမိုဒယ်ရဲ့အဓိကအချက်ကတော့ အဖွဲ့စည်းတစ်ရပ်ဟာ ရည်မှန်းချက်ကို အောင်မြင်ပြီးမြောက်စွာ ဆောင်ရွက်နိုင်စွမ်း ရှိ၊ မရှိ သေချာစေဖို့အတွက် တစ်ဦးချင်းစီရဲ့

*စာမျက်နှာ ၁၁ သို့*

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် တောင်ကြီးမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**တောင်ကြီး စက်တင်ဘာ ၁၀**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများသည် စက်တင်ဘာ ၈ ရက်က တောင်ကြီးမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုရာ စီမံကိန်းမှတာဝန်ရှိသူ တစ်ဦးက ရှင်းလင်းတင်ပြမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းကဏ္ဍအလိုက် သတ်မှတ်စံချိန်စံညွှန်း အရည်အသွေး ပြည့်မီရေး၊ ရေရှည်တည်တံ့နိုင်ရေး၊ အချိန်မီပြီးစီးရေးအတွက် လုပ်ငန်းဆောင်ရွက်မှုများကို စနစ်တကျ စီမံဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့ပြီး နမ့်ဆီးကျေးရွာရှိ နောင်ဗုတ်သဘာဝရေထွက် ဧက ၅၀ ကန်မှ စီမံကိန်းအတွင်းရှိ ဂါလန် နှစ်သိန်းဆံ့ ရေကန်သို့ ရေပို့ဆောင်ပေးနေမှုကို လည်းကောင်း သွားရောက်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြမှုအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ နမ့်တဘက်ရေလွှဲဆည်သည် စီမံကိန်းအကျိုးပြုဧရိယာဧက ၆၄၀၀ ဖြစ်၍ စိစစ်ပြီး အကျိုးပြုဧရိယာ ၅၈၉၇ ဧကဖြစ်ကြောင်း၊ ဒေသခံတိုင်းရင်းသားပြည်သူများအတွက် စိုက်ပျိုးရေးလုပ်ငန်းများတွင် အကျိုးပြုလျက်ရှိကြောင်း သိရသည်။

ထို့နောက်တစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် တောင်ကြီးမြို့နယ် လေးမိုင်ကွေ့-နောင်တလီ- ညိုမီး- နောင်ပနားဗွာ - လင်ကွင်း- ထီရီး (မွေးမြူရေးဇုန်)- ရွှေညောင်ကျေးရွာချင်းဆက် လမ်းပိုင်းသို့ ရောက်ရှိပြီး တာဝန်ရှိသူများက ဒေသတွင်း ကုန်စည်စီးဆင်းမှု လွယ်ကူလျင်မြန်ချောမွေ့စေရေးနှင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးအတွက် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ ဆောက်လုပ်ရေး ဝန်ကြီးဌာန လမ်းဦးစီးဌာန ကြီးကြပ်ရေးအဖွဲ့ ရှမ်းပြည်နယ် (တောင်ကြီး) မှ တာဝန်ရှိသူများက ကီလိုမီတာ ၇ ဒသမ ၂၉ ဒသမ ၆ အတွင်း မြေနိမ့်ရန် ဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ယာဉ်သွားလာမှု လွယ်ကူမြန်ဆန်ရေး၊ ဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် လုပ်ငန်းများကို စနစ်တကျ စီမံဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လူအင်အား၊ စက်ယန္တရားများ သုံးစွဲ၍ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ပေးကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# နတ်မောက်မြို့နယ်၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

**နတ်မောက် စက်တင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လူကုန်ကူးမှုတားဆီးကာကွယ်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက လူထုအခြေပြုဗဟိုဌာန ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိက ကျောင်းသား ကျောင်းသူများအနေဖြင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အချက်များကို သိရှိနားလည်စေရန်၊ လိုက်နာရမည့်အချက်များ၊ ရှောင်ရှားရမည့်အချက်နှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို ဆွေးနွေးဟောပြောသည်။

အဆိုပါ အသိပညာဟောပြောပွဲသို့ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသည့် အသိပညာပေး နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**လှဝင်း**



*စာမျက်နှာ ၁၀ မှ*

စွမ်းရည်တွေကို မှန်ကန်စွာ အကဲဖြတ်နိုင်ရမှာ ဖြစ်ပါတယ်။ အသင်းအဖွဲ့မိုဒယ်ရဲ့ အဓိကအချက်တွေကတော့-

(က) လုပ်ငန်းတာဝန်ကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ဖို့ လိုအပ်တဲ့ကျွမ်းကျင်မှု၊ အသိပညာနဲ့ အရင်းအမြစ်တွေကို သေချာစွာ သတ်မှတ်ဖို့လိုအပ်ပါတယ်။

(ခ) **Hard Skills နဲ့ Soft Skills အကြားခွဲခြားခြင်း။** Hard Skills ဆိုတာကတော့ သင်ယူရလွယ်ကူတဲ့ အတတ်ပညာတွေ၊ ကျွမ်းကျင်မှုတွေဖြစ်ပြီး Soft Skills ဆိုတာကတော့ အဖွဲ့အစည်းအတွင်းမှာ ထိရောက်စွာ လုပ်ဆောင်နိုင်ဖို့ လိုအပ်တဲ့ တစ်ဦးချင်းစီရဲ့ ကိုယ်ရည်ကိုယ်သွေး ကောင်းတွေ ဖြစ်ပါတယ်။

(ဂ) အဲဒီလို ကျွမ်းကျင်မှုအရည်အသွေးတွေကို သုညမှ ၁၀ အထိ လိုအပ်သလို အဆင့်သတ်မှတ်ရပါမယ်။

(ဃ) အဲဒီလို သတ်မှတ်ထားရှိချက်တွေနဲ့ အညီ Team မှာပါဝင်တဲ့ တစ်ဦးချင်းစီရဲ့ စွမ်းရည်တွေကို အကဲဖြတ်ရပါမယ်။

(င) တွေ့ရှိ အကဲဖြတ်ချက်တွေကိုလည်း ဇယားရေးဆွဲ ဖော်ပြခြင်းအားဖြင့် Team တစ်ခုရဲ့ အားသာချက်နဲ့ အားနည်းချက်တွေကို ရှာဖွေနိုင်မှာ ဖြစ်ပါတယ်။

အရေးကြီးတဲ့နောက်တစ်ချက်ကတော့ မတူကွဲပြားမှု (Diversity) ရဲ့ အရေးပါမှုပဲ ဖြစ်ပါတယ်။ ဒီမိုဒယ်ရဲ့အဆိုအရ ကွဲပြားမှုဟာ အားနည်းချက်မဟုတ်ဘဲ အားသာချက်ဖြစ်ပါတယ်။ အောင်မြင်တဲ့ Team တွေအနေနဲ့ အဖွဲ့ဝင်တစ်ဦးချင်းစီရဲ့ ထူးခြားတဲ့ စွမ်းရည်တွေကို အသုံးချနိုင်ရမှာ ဖြစ်ပါတယ်။

Team တစ်ခုကို ဦးဆောင်ရမယ့် လူဟာ ဒီလိုမေးခွန်းတွေကို မိမိကိုယ်ကို မေးကြည့်ဖို့ လိုအပ်မှာဖြစ်ပါတယ်-

(က) မိမိဆီမှာ ဒီပရောဂျက်နဲ့ အမှန်တကယ်ကိုက်ညီတဲ့ လူတွေရောရှိရဲ့လား။

(ခ) မိမိအပါအဝင် အားလုံးရဲ့အရည်အချင်းတွေကရော ကိုယ့်ကိုချမှတ်ပေးလာမယ့် ရည်မှန်းချက်ပန်းတိုင်တွေနဲ့ ကိုက်ညီရဲ့လား။

(ဂ) မိမိတို့အားလုံးဟာ အဖွဲ့ရဲ့ရည်မှန်းချက်ကို အချိန်မီပြီးမြောက်အောင် လုပ်နိုင်ပါ့မလား။

ပြီးရင်တော့ မိုဒယ်ရဲ့ အစီအစဉ်အဆင့်ဆင့်အတိုင်း ပရောဂျက်အတွက် အရေးကြီးတယ်လို့ ကိုယ်ထင်မြင်ယူဆထားတဲ့ ကျွမ်းကျင်မှုနဲ့ အရင်းအမြစ်တွေကို သတ်မှတ်ခြင်းနဲ့ စတင်ရပါမယ်။ လုပ်ငန်းအတွက် မရှိမဖြစ်လိုအပ်တဲ့ Hard Skills နဲ့ Soft Skills တွေကို ပိုင်းခြားရပါမယ်။ အဲဒီ ကျွမ်းကျင်မှုတစ်ခုချင်းစီတိုင်းအတွက် အရည်အချင်း၊ အရည်အသွေးစကေး သတ်မှတ်ပြီးရင် အကဲဖြတ်တာမျိုးနဲ့ Team မှာ ပါဝင်နေသူတွေရဲ့ အားနည်းချက်နဲ့ အားသာချက်တွေက ဘာတွေလဲဆိုတာ ဖော်ထုတ်ရမှာ ဖြစ်ပါတယ်။

ဒီနေရာမှာ မှတ်သားထားဖို့လိုတဲ့ အဓိကအချက်တွေကတော့ Team ကောင်းတစ်ခုဖြစ်ဖို့ဆိုရင် ကိုယ်ပိုင်စွမ်းရည်တွေကို မှန်ကန်စွာ အကဲဖြတ်နိုင်ဖို့ လိုအပ်တယ်ဆိုတာနဲ့ စစ်မှန်တဲ့ ခွန်အားဆိုတာ Team အတွင်းမှာ ပါဝင်သူတွေရဲ့ အရည်အချင်း အရည်အသွေး တူနေတာမျိုးထက် မတူကွဲပြားမှုရှိတဲ့ စွမ်းဆောင်ရည်ရှိတဲ့သူတွေ ပေါင်းစည်းထားတဲ့ အပေါ်မှာ တည်မှီနေတယ်ဆိုတာပဲ ဖြစ်ပါတယ်။

**Belbin ရဲ့ မတူညီတဲ့ပရိုဖိုင်ကိုးခု**

အထက်ပါမိုဒယ်ကို မဖော်ထုတ်ခင်ကတည်းက Team မှာပါဝင်သူအားလုံးဟာ တူညီသောအမြင်နဲ့ စရိုက်လက္ခဏာတွေအရ တစ်ပုံစံတည်းဖြစ်နေရင် အလုပ်သိပ်မဖြစ်ဘူးဆိုတာကို ၁၉၇၀ ပြည့်နှစ်များတုန်းက Meredith Belbin သုတေသနပြုမှုတစ်ခုမှာ ဖော်ထုတ်တွေ့ရှိခဲ့ပြီး ဖြစ်ပါတယ်။ လေ့လာတွေ့ရှိချက်တွေကို အခြေခံပြီး အဖွဲ့ဝင်လူတစ်ဦးချင်းရဲ့ စရိုက်လက္ခဏာ၊ သူတို့ကဏ္ဍနဲ့ ဩဇာလွှမ်းမိုးမှုတွေအရ အုပ်စုသုံးစုကို အခြေခံပြီး မတူညီတဲ့ ပရိုဖိုင်ကိုးခုကို သူကဖော်ထုတ်ခဲ့ပါတယ်။ အဲဒါတွေကတော့-

(က) **လုပ်ဆောင်ချက်အားသန်သူ အုပ်စု (Action-oriented)။** လုပ်ဆောင်သူ (Doer)၊ အကောင်အထည်ဖော်သူ (Implementer)၊ ပြီးပြည့်စုံသူ (Perfectionist)။

(ခ) **ဆက်ဆံရေးအားသန်သူအုပ်စု (Communication-oriented)။** ညှိနှိုင်းပေါင်းစပ်ပေးသူ (Coordinator)၊ အသင်းကစားသမား (Team Player)၊ လမ်းသစ်ဖော်ဆောင်သူ (Trailblazer)။

(ဂ) **အသိပညာအားသန်သူအုပ်စု (Knowledge-oriented)။** ဆန်းသစ်တီထွင်သူ (Innovator)၊ စူးစမ်းလေ့လာသူ (Observer)၊ အထူးကျွမ်းကျင်သူ (Specialist)။

ဆိုလိုတာကတော့ လူတိုင်းဟာ ထူးခြားတဲ့ အရည်အသွေးတွေ ကိုယ်စီရှိနေပါတယ်။ ဒါကြောင့် Team မှာ ပါဝင်သူတစ်ဦးတစ်ယောက်ဟာ အကြံကောင်းတစ်ခုခုရှိရင် အများလက်မခံမှာ စိုးရိမ်ပြီး မတင်ပြဘဲ မနေပါနဲ့၊ အခြားအဖွဲ့ဝင်တွေလည်း ကိုယ်တိုင် အကြံဉာဏ်အသစ်တွေ ဖော်ထုတ်ပေးနိုင်မယ်လို့ ယုံကြည်တဲ့အနေမျိုးနဲ့ ချပြပြီး ဦးဆောင်ဆွေးနွေးဖို့ ကြိုးစားပါ။ ဒါဆိုရင် ကျန်သူတွေလည်း သူတို့ကိုယ်တိုင် အကြံဉာဏ်တွေ ထွက်လာမယ်လို့ ခံစားလာကြပါလိမ့်မယ်။ ဒီနည်းလမ်းနဲ့ အားလုံးရဲ့ စိတ်အားထက်သန်မှုကို ရယူခြင်းဖြင့် အသင်းအဖွဲ့ရဲ့ ရည်မှန်းချက်ပန်းတိုင်ကို ပေါက်မြောက်အောင် အကောင်အထည်ဖော်နိုင်စွမ်းရှိလာမှာ ဖြစ်ပါတယ်။

ဒါကြောင့် Team တစ်ခု ဖွဲ့စည်းပြီဆိုတာနဲ့ Leader တစ်ဦးက ဦးဆောင်ပြီး ကျန်တဲ့အဖွဲ့ဝင် (Team Member) တွေက Teamwork ရှိရှိနဲ့တက်ညီလက်ညီ လှုပ်ရှားကြရမှာ ဖြစ်ပါတယ်။ ဒီလိုမျိုး အဖွဲ့လိုက်လုပ်ဆောင်တဲ့အခါမှာ တာဝန်ယူမှုတွေကို အပိုင်းလိုက် အပိုင်းလိုက် စေ့စပ်သေချာစွာ လုပ်ကိုင်မယ်ဆိုရင် အလုပ်တွေမြန်ဆန်ပြီး ခရီးတွင်မှာ အသေအချာပဲ ဖြစ်ပါတယ်။ တစ်ဦးချင်းစီကလည်း စိတ်ကူးစိတ်သန်းတွေကို ပြောပြဆွေးနွေးတိုင်ပင်ပြီး ကောင်းမွန်တဲ့ ရလဒ်ကောင်းတစ်ခု ထွက်ပေါ်လာအောင် ဖန်တီးကြရမှာဖြစ်သလို အခက်အခဲတွေနဲ့ ကြုံတွေ့လာတဲ့အခါမှာလည်း တစ်ဦးနဲ့တစ်ဦး ဖေးမရိုင်းပင်းကူညီပြီး ဖြေရှင်းနိုင်ရမှာလည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ Team မှာ ပါဝင်မယ့် လူတွေဟာ သူ့နေရာနဲ့သူ အသုံးတည့်တဲ့လူတွေ ဖြစ်နေဖို့ လိုအပ်ပါတယ်။ ပြီးရင်တော့ ချမှတ်ထားတဲ့ ရည်မှန်းချက်ပန်းတိုင် ပေါက်မြောက်သည်အထိ အဆင့်လိုက် အကောင်အထည်ဖော်ဆောင်ရမှာ ဖြစ်ပါတယ်။

ဒီနေရာမှာ ဖြည့်စွက်ဖော်ပြလိုတာကတော့ အမေရိကန်သမ္မတဟောင်း သီအိုဒိုရုစဗဲ့ ပြောဖူးသလို **"အကောင်းဆုံးအုပ်ချုပ်သူဆိုတာ လုပ်ချင်တာကိုလုပ်နိုင်ဖို့၊ ယောကျ်ားကောင်းတွေကို ရွေးချယ်ဖို့ လုံလောက်တဲ့ဉာဏ်ရှိသူဖြစ်ပြီး သူတို့နဲ့အတူ အနှောင့်အယှက် အဟန့်အတားတွေဆီကနေ ရှန်းထွက်နိုင်တဲ့ ကိုယ်ပိုင်ထိန်းကျောင်းနိုင်စွမ်း လုံလောက်စွာ ရှိသောသူဖြစ်ရမယ်"** ဆိုတဲ့စကားအတိုင်း Team Leader ကောင်းတစ်ဦးရဲ့ ကဏ္ဍကလည်း အင်မတန်မှ အရေးကြီးပါတယ်။

နိဂုံးချုပ်အားဖြင့် Group နဲ့ Team ရဲ့ ထူးခြားတဲ့ အင်္ဂါရပ်တွေကို သေချာစွာ သိရှိနားလည်ထားမယ်ဆိုရင် Team Member တွေရဲ့ ထိရောက်တဲ့ စုပေါင်းစွမ်းအားတွေကြောင့် အဖွဲ့အစည်းတစ်ရပ်ဟာ မှန်ကန်စွာ ဖွံ့ဖြိုးတိုးတက်နိုင်မှာဖြစ်သလို အဖွဲ့ဝင်တစ်ဦးချင်း တစ်ဦးချင်းစီရဲ့ ရည်မှန်းချက်တွေ အောင်မြင်ပြီးမြောက်မှုနဲ့အတူ အဖွဲ့အစည်းတစ်ရပ်လုံးရဲ့ ဘုံရည်မှန်းချက်ပန်းတိုင်သို့တိုင်အောင် ချီတက်လျှောက်လှမ်းနိုင်မှာဖြစ်ပါကြောင်း ဖော်ပြလိုက်ရပါတယ်…။ ။

## တာမွေမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ) သင်တန်း အမှတ်စဉ် (၁/၂၀၂၄) သင်တန်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၉ ရက်က တာမွေမြို့နယ် မီးသတ်ဦးစီးမှူးရုံး၌ ကျင်းပသည်။

အဆိုပါ သင်တန်းဖွင့်ပွဲတွင် သဃ်န်းကျွန်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒုတိယရဲမှူးကြီး လှသိန်းက အမှာစကားပြောကြားပြီး အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကိုးအောင်၊ မြို့နယ်စီမံအဖွဲ့ အဖွဲ့ဝင် (၁)ဗိုလ်မှူး ဖြိုးပြည့်စုံ၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်ပြန်/ဆက်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။



အဆိုပါသင်တန်းတွင် သင်တန်းသားများကို မီးအတန်းအစားခွဲခြားခြင်း ပညာရပ်များ၊ မီးသတ်စက်များဖြင့် လေ့ကျင့်ခြင်း၊ မီးခိုးနှင့် အမှောင်ထုအတွင်း သွားလာလှုပ်ရှားခြင်းပညာရပ်များ၊ ရှာဖွေကယ်ဆယ်ရေးပညာရပ်များဖြစ်သည့် အခြေခံကြိုးချည်နည်း၊ အသက်ရှူကိရိယာ အသုံးပြုနည်းနှင့် လူနာသယ်ယူရွှေ့ပြောင်းနည်း စသည့် ပညာရပ်များကို တစ်လကြာ တက်ရောက်သင်ကြားရမည်ဖြစ်သည်။ အဆိုပါ သင်တန်းသို့ တာမွေမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ တက်ရောက်ကြသည်။

**မျိုးမင်းသူရ**

Myanmar Red Cross Society

ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့

WORLD FIRST AID DAY

၂၀၂၄ခုနှစ်၊ စက်တင်ဘာလ (၁၄)ရက်။

"အားကစားအတွက် အမြဲကူညီ ရှေးဦးပြုစုခြင်း အသင့်ရှိသည်"

First Aid and Sports
Ready, Set, Respond

## မြောက်ဥက္ကလာပမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား လေ့ကျင့်ရေးမွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၂၄) ဖွင့်လှစ်

**ရန်ကုန် စက်တင်ဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးဌာနမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား လေ့ကျင့်ရေး မွမ်းမံ သင်တန်းအမှတ်စဉ် (၁/၂၀၂၄) ဖွင့်ပွဲကို ယမန်နေ့ နံနက်က အဆိုပါရုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်လောဟာက အရန်မီးသတ်တပ်ဖွဲ့ဝင်များ အနေဖြင့် မိမိတို့မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက အချိန်နှင့်တစ်ပြေးညီ အရေးပေါ် ကယ်ဆယ်ရေးလုပ်ငန်းများကို ကူညီဆောင်ရွက်နိုင်ရေး အတွက် ရှာဖွေကယ်ဆယ်ရေး သင်တန်းပို့ချပေးခြင်း ဖြစ်ကြောင်း ပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၁) ဗိုလ်မှူးချမ်းမြေ့ဦးက အမှာစကား ဆက်လက်ပြောကြားသည်။ ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှ ဒုရဲမှူး ထွန်းထွန်းဦးက အရန်မီးသတ် တပ်ဖွဲ့ဝင်များအား အရန်မီးသတ် ယူနီဖောင်းများ ထောက်ပံ့ပေးအပ်ရာ အရန်မီးသတ်တပ်ခွဲမှူး သိန်းဝင်းက လက်ခံရယူသည်။



အဆိုပါ သင်တန်းသို့ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ တက်ရောက်ပြီး စက်တင်ဘာ ၉ ရက်မှ အောက်တိုဘာ ၄ ရက်အထိ သင်ကြားပို့ချသွားမည် ဖြစ်ကြောင်း သိရသည်။

**သက်လွင်စိုး (ပြန်/ဆက်)**



၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် နှစ် (၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပျော်ဘွယ်မြို့နယ် ပေပင်လေးအမြန်လမ်းရဲတပ်ဖွဲ့စခန်းမှ စခန်းမှူး ရဲအုပ်မင်းအောင်နှင့် တပ်ဖွဲ့ဝင်များ စက်တင်ဘာ ၉ ရက်က ပေပင်လေး ကျေးရွာဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ မင်းမင်းထွေး(ပျော်ဘွယ်)



နှစ် (၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဝါးခယ်မမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မျိုးညွန့် ဦးစီးသော တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ သတင်းရဲတပ်ဖွဲ့မှ ရဲတပ်ကြပ်ကြီး ဇော်နိုင်ထွန်း အပါအဝင် စုစုပေါင်း ၆၆ ဦးတို့က ရန်အောင်မြင်ကပ်ကာ စေတီတော်မြတ်ကြီးအား ရေသပ္ပာယ်၍ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။ ဟိန်းထက်လင်း(ပြန်/ဆက်)

## ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် စာပေပြိုင်ပွဲကျင်းပ

**ကန့်ဘလူ စက်တင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ အ.ထ.က (၁) ၌ အောက်တိုဘာ ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲကို စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းက ကျင်းပသည်။

စာစီစာကုံးပြိုင်ပွဲတွင် "အကျွန်ုပ်ဆရာ" ခေါင်းစဉ်ဖြင့် အခြေခံပညာအထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၄၄ ဦး၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၅၀ ဝင်ရောက်ဖြေဆိုခဲ့ကြပြီး ကဗျာပြိုင်ပွဲတွင် "ဘဝလမ်းညွှန်ဆရာမွန်" ခေါင်းစဉ်ဖြင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၈ ဦးနှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မာမာဦးထံက သိရသည်။

**အောင်ဝင်းငြိမ်း (ကန့်ဘလူ)**

✳ *ကျောဖုံးမှ*

အသင်းများမှာ တတိယနေရာလုပွဲ ကစားရမည်ဖြစ်သည်။ အုပ်စုပထမနေ့အဖြစ် စက်တင်ဘာ ၁၁ ရက် (ယနေ့) နံနက် ၁၁ နာရီတွင် YRG အသင်းနှင့် Phoenix အသင်း၊ မွန်းလွဲ ၁၂ နာရီခွဲတွင် Divine အသင်းနှင့် Generations အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ဆုကြေးများအဖြစ် ပထမဆု ငွေကျပ်သိန်း ၃၀၊ ဒုတိယဆု ငွေကျပ်သိန်း ၂၀၊ တတိယဆု ငွေကျပ် ၁၅ သိန်း၊ အသန့်ရှင်းဆုံးအသင်းဆု ငွေကျပ်သုံးသိန်း၊ အကောင်းဆုံးကစားသမားဆုနှင့် ဂိုးသမားဆု ငွေကျပ်နှစ်သိန်းစီ ချီးမြှင့်မည်ဖြစ်သည်။

**ရဲရင့်လွင်**

**နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**

❂ *ကျောဖုံးမှ*

မောင်းနှင်လာသော မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းလေးမျိုးနှင့် ဆိုင်ကယ်အပိုပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၇၃၅၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Tractor Head နှစ်စီးနှင့် နောက်တွဲယာဉ်နှစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀၀) ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၈၈၉၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စက်တင်ဘာ ၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွှေပြည်သာမြို့နယ်၌ လိုင်စင်မဲ့ Toyota Alphard မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ တိုက်ကြီးမြို့နယ်၌ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၄၄၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၁၄၂၄) ကို သစ်တောဥပဒေအရ လည်းကောင်း၊ ဒဂုံဆိပ်ကမ်းမြို့နယ် (၉၃)ရပ်ကွက်၊ အရှေ့ပဲခူးမြစ်အတွင်း ကျောက်ချရပ်နားထားသည့် သဲတင်လှေတစ်စင်းပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၅ မျိုး၊ လုပ်ငန်းသုံးပစ္စည်း ၁၂ မျိုးနှင့် စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၅၄၃၂၄၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၄၃၄၆၆၄ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စက်တင်ဘာ ၉ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျောက်ဆည်မြို့၊ မြို့ရှောင်လမ်း၌ တောင်ကြီးမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၀ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၈၉၁၁၃၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၈၉၁၁၃၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စက်တင်ဘာ ၁၀ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၁၂၉ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၉၄၂၂၄) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ စက်တင်ဘာ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၃ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၆၂၁၅၀၁၈) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ဂါဇာကမ်းမြောင်ဒေသတွင် ပဋိပက္ခများအဆုံးသတ်ရန် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး တောင်းဆို



**ဂါဇာ စက်တင်ဘာ ၁၀**

ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး ဗော်ကာတာ့ခ်က ဂါဇာကမ်းမြောင်ဒေသတွင် ပဋိပက္ခများအဆုံးသတ်ရန် တနင်္လာနေ့က ထပ်လောင်းတောင်းဆိုလိုက်သည်။

(၅၇) ကြိမ်မြောက် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီအစည်းအဝေး အဖွင့်မိန့်ခွန်းတွင် တာ့ခ်က စစ်ပွဲကို လုံးဝအဆုံးသတ်ရန်နှင့် ဒေသဆိုင်ရာ ပဋိပက္ခကို ရှောင်ရှားခြင်းသည် အရေးတကြီးဦးစားပေးဖြစ်ကြောင်း အလေးအနက်ပြောကြားခဲ့သည်။

တာ့ခ်သည် ဂါဇာပဋိပက္ခစတင်ဖြစ်ပွားသည့် အောက်တိုဘာလကတည်းက လူ့အခွင့်အရေးကောင်စီတွင် အစ္စရေးကို ဆက်တိုက်ဝေဖန်ခဲ့သည်။

တာ့ခ်သည် ပါလက်စတိုင်းများအပေါ် ဆိုးရွားသော အကျိုးသက်ရောက်မှုများကို မီးမောင်းထိုးပြခဲ့ပြီး အစ္စရေးတပ်ဖွဲ့ဝင်များသည် ပါလက်စတိုင်း ၄၀၀၀၀ ကျော်ကို သတ်ဖြတ်ခဲ့ကြောင်း ဖော်ပြခဲ့သည်။ တချို့ထောင်ချီ ဒဏ်ရာရရှိခဲ့ကြပြီး အများစုမှာ ဂါဇာအပျက်အစီးများကြား ပိတ်မိနေဆဲဖြစ်သည်။

ပါလက်စတိုင်း ၁ ဒသမ ၉ သန်းနီးပါးသည် ဂါဇာကမ်းမြောင်တစ်ဝန်းတွင် အကြိမ်ပေါင်းများစွာ အတင်းအကျပ်ရွှေ့ပြောင်းခံရပြီး အသက်ရှင်သန်ရေး နေ့စဉ်ရုန်းကန်နေရကြောင်း ၎င်းက အလေးပေးပြောကြားခဲ့သည်။

အနောက်ဘက်ကမ်းတွင် လွန်ခဲ့သည့် ဆယ်စုနှစ်နှစ်ခုအတွင်း မဖော်ပြနိုင်သော အတိုင်းအတာမျိုးဖြင့် အဖျက်လုပ်ငန်းများ လုပ်ဆောင်ခြင်းကလည်း ရှိရင်းစွဲအခြေအနေကို ပိုမိုဆိုးရွားစေကြောင်း တာ့ခ်က ဆက်လက်ပြောကြားခဲ့သည်။

ပါလက်စတိုင်း ၁၀၀၀၀ နီးပါးသည် အစ္စရေးအကျဉ်းထောင်များ သို့မဟုတ် သီးသန့်စခန်းများတွင် ချုပ်နှောင်ခံနေရပြီး အများစုမှာ မတရားသော အခြေအနေတွင် ရောက်နေကြောင်း ၎င်းက မီးမောင်းထိုးပြခဲ့သည်။

ပါလက်စတိုင်း ၅၀ ကျော်သည် လူမဆန်သော အခြေအနေများနှင့် ရက်စက်စွာ ပြုမူဆက်ဆံမှုများကြောင့် သေဆုံးခဲ့ကြောင်း ၎င်းက မှတ်ချက်ပြုပြောကြားခဲ့သည်။ **ဆင်ဟွာ**




# စည်းမျဉ်းသစ်များကြောင့် ဖူဂျီတောင်တက်သမားများ လွန်ခဲ့သောနှစ်ထက် လျော့နည်း

**တိုကျို စက်တင်ဘာ ၁၀**

စည်းမျဉ်းသစ်များကြောင့် ၂၀၂၄ နွေရာသီ ဖူဂျီတောင်တက်ရာသီတွင် ဖူဂျီတောင်တက်သမားများ လွန်ခဲ့သောနှစ်ထက် လျော့နည်းခဲ့ကြောင်း ဂျပန်အစိုးရစစ်တမ်းတစ်ခုက ထုတ်ပြန်လိုက်သည်။

တောင်တက်လမ်းကြောင်းလေးခုရှိတောင်တက်စခန်း ရှစ်ခု ဝန်းကျင်တွင် တပ်ဆင်ထားသော အနီအောက်ရောင်ခြည်သုံးကိရိယာများကို အသုံးပြု၍ တောင်တက်သမားများကို သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနက ရေတွက်ခဲ့သည်။ ဂျပန်နိုင်ငံ၏ အမြင့်ဆုံးဖူဂျီတောင်သည် ခရိုင်နှစ်ခုကို ခွပြီး တည်ရှိသည်။

ဇူလိုင်လတောင်တက်ရာသီစတင်ဖွင့်လှစ်ချိန်မှစကာ စက်တင်ဘာ ၄ ရက်အထိ ဖူဂျီတောင်ပေါ်သို့ လူ ၁၇၈၀၀၀ ခန့် တက်ရောက်ခဲ့ကြောင်း ကနဦးအချက်အလက်များတွင် ဖော်ပြခဲ့သည်။

တောက်တက်သမားဦးရေသည် ယခင်နှစ် အလားတူကာလထက် ၁၄ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ ယာမာနာရှီ တောင်တက်လမ်းမှ လူပေါင်း ၁၀၃၀၀၀ ခန့် တက်ရောက်ခဲ့ပြီး ရှီဇူအိုကာ တောင်တက်လမ်းကြောင်း သုံးခုမှ ၇၅၀၀၀ တက်ရောက်ခဲ့သည်။ အဆိုပါအရေအတွက်မှာ ယခင်နှစ်ထက် လျော့နည်းသည်။

ယာမာနာရှီ တောင်တက်လမ်းအတွက် ဂိတ်ပေါက်တစ်ခုဖွင့်လှစ်ထားပြီး တောင်တက်သူများကို ဝင်ကြေးအဖြစ် ယန်း ၂၀၀၀ (အမေရိကန်ဒေါ်လာ ၁၄ ဒေါ်လာ) ကောက်ခံခဲ့သည်။ တောင်တက်သူအရေအတွက်ကို တစ်ရက်လျှင် ၄၀၀၀ အထိ ကန့်သတ်ခဲ့ပြီး ဂိတ်ပေါက်ကို ညနေပိုင်း ၄ နာရီနှင့် နံနက် ၃ နာရီကြား ပိတ်ထားသည်။

ခရီးသွားလုပ်ငန်းနှင့် မဆင်မခြင်တောင်တက်ခြင်းကို ကိုင်တွယ်ဖြေရှင်းရန် ပြဋ္ဌာန်းလိုက်သော စည်းမျဉ်းစည်းကမ်းအသစ်များက ယခုနှစ် တောင်တက်သူအရေအတွက်ကို ကျဆင်းစေခြင်းဖြစ်ကြောင်း သက်ဆိုင်ရာဝန်ကြီးဌာန အရာရှိများက ပြောသည်။ **အင်န်အိတ်ချ်ကေ**

# အင်အားပြင်းတိုင်ဖွန်းမုန်တိုင်း ယာဂီကြောင့် ဗီယက်နမ်မြောက်ပိုင်းတွင် အသေအပျောက် ၁၄၆ ဦးအထိရှိလာ

**ဟနွိုင်း စက်တင်ဘာ ၁၀**

ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းဒေသ၌ အင်အားပြင်းတိုင်ဖွန်းမုန်တိုင်း ယာဂီကြောင့် ဖြစ်ပေါ်လာသော ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများကြောင့် စက်တင်ဘာ ၁၀ ရက် အစောပိုင်းအထိ သေဆုံးသူ ၈၂ ဦးအထိရှိလာပြီး ၆၄ ဦးပျောက်ဆုံးနေဆဲဖြစ်ကြောင်း စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ကြေညာသည်။

တောင်ကုန်း ထူထပ်သော ကိုင်ဘန့်ပြည်နယ်သည် သေဆုံးသူ ၁၉ ဦးဖြင့် အများဆုံးထိခိုက်ပျက်စီးခဲ့ပြီး ၃၆ ဦး ပျောက်ဆုံးခဲ့သည်။

ထို့အတူ ထပ်မံသေဆုံးသူများမှာ လာအိုကိုင်ပြည်နယ်တွင် ၁၉ ဦး၊ ရန်ဘိုင်ပြည်နယ်တွင် ၂၂ ဦး၊ ကွမ်နင်ပြည်နယ်တွင် ကိုးဦးတို့ဖြစ်ကြသည်။

တခြား သေဆုံးသူများမှာ မြို့တော်ဟနွိုင်းအပါအဝင် တခြားပြည်နယ်ရှစ်ခုမှ ဖြစ်ကြသည်။

လေပြင်းတိုက်ခိုက်မှုနှင့်အတူ ယာဂီတိုင်ဖွန်း မုန်တိုင်းကြောင့် ကမ်းရိုးတန်းပြည်နယ်များဖြစ်ကြသည့် ကွမ်နင်၊ ဟိုင်ဖွန်တို့တွင် အိမ်ခြေ ၄၈၃၃၇ ပျက်စီးခဲ့ကြောင်း တာတမံစီမံခန့်ခွဲရေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဦးစီးဌာန၏ ဖော်ပြချက်အရ သိရသည်။

မြောက်ပိုင်းပြည်နယ်များတွင် မြစ်ရေသည် စက်တင်ဘာ ၁၀ ရက်တွင် မြင့်တက်ပြီး ၁၁ ရက်တွင် ဆက်လက်မြင့်တက်ဦးမည်ဟု ခန့်မှန်းထားသည်။ **ဆင်ဟွာ**



# ခေတ်တစ်ခေတ်ကို ဆန်းသစ်စေမည့် Apple Intelligence နှင့်အတူ အိုင်ဖုန်းသစ်များကို မိတ်ဆက်

**ဆန်ဖရန်စစ္စကို စက်တင်ဘာ၁၀**

အက်ပဲလ်သည် Apple Intelligence နှင့်အတူ ဖန်တီးတည်ဆောက်ထားသော iPhone 16 နှင့် iPhone 16 Plus တို့ကို စက်တင်ဘာ ၉ ရက်က ကြေညာလိုက်ပြီဖြစ်သည်။

iPhone 16 စီးရီးကင်မရာစနစ်တွင် 2x Telephoto ရွေးချယ်မှုပါရှိသော 48 MP Fusion ကင်မရာပါရှိပြီး Ultra Wide ကင်မရာအသစ်သည် မက်ခရိုဓာတ်ပုံများ ရိုက်ကူးနိုင်မည်ဖြစ်သည်။



A 18 ချစ်ပ်အသစ်သည် စွမ်းဆောင်ရည်ကို အထူးကောင်းမွန်စေမည်ဖြစ်ပြီး AAA ဂိမ်းများကိုလည်း ကောင်းမွန်စွာကစားနိုင်မည်ဖြစ်သည်။ ထို့အတူ ဘက်ထရီ သက်တမ်းကိုလည်း တိုးမြှင့်ပေးထားကြောင်း ကုမ္ပဏီက ပြောသည်။

6.1 လက်မနှင့် 6.7 လက်မ အရွယ်အစားရှိသည့် iPhone 16 နှင့် iPhone 16 Plus တို့ကို အမဲ၊ အဖြူ၊ ပန်း၊ စိမ်းပြာနှင့် ပင်လယ်ပြာအရောင်ဟူ၍ အရောင်ငါးမျိုးဖြင့် ရရှိနိုင်မည်ဖြစ်သည်။

ကြိုတင် မှာယူမှုများကို စက်တင်ဘာ ၁၃ ရက်တွင် စတင်နိုင်မည်ဖြစ်ပြီး စက်တင်ဘာ ၂၀ တွင် ရရှိမည်ဖြစ်သည်။ iPhone 16 နှင့် iPhone 16 Plus တို့သည် Apple Intelligence ဖြင့် iPhone ၏ခေတ်သစ်ကို စတင်မည်ဖြစ်ကြောင်း အက်ပဲလ်၏ ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်တင်ဖြန့်ချိရေး ဒုတိယဥက္ကဋ္ဌ ကိန်းအန်း ဒရန့်က ပြောသည်။ **ဆင်ဟွာ**

# လာအိုနိုင်ငံစီးပွားရေး မြှင့်တင်ရန် အသေးစားနှင့် အလတ်စားလုပ်ငန်းများအတွက် ရန်ပုံငွေထူထောင်

**ဗီယန်ကျင်း စက်တင်ဘာ ၁၀**

နိုင်ငံစီးပွားရေး ကိုယ်ထူကိုယ်ထမြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် ပြည်တွင်းထုတ်လုပ်မှုကို အားပေးရန် အတိုးနှုန်းသက်သာသည့် ရန်ပုံငွေ ပံ့ပိုးပေးမည့် အစီအစဉ်တစ်ခုကို လာအိုအစိုးရနှင့် စီးပွားရေးကဏ္ဍမှ ကိုယ်စားလှယ်များ ဆွေးနွေးခဲ့ကြသည်။

ကိုယ်စားလှယ်များသည် ပြည်တွင်းဝယ်လိုအား ပြည့်မီရန်နှင့် ပြည်ပပို့ကုန်များ ပိုမိုထုတ်လုပ်နိုင်စေရန် ပြည်တွင်းထုတ်လုပ်မှုကို မြှင့်တင်ရန်အတွက် ချေးငွေရရှိရေးနှင့် ပံ့ပိုးရေးတို့ကို ဆွေးနွေးခဲ့သည်။

လာအိုဝန်ကြီးချုပ် ဆွန်နက်ဆေဆီဖန်ဒွန်းက စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် လာအိုနိုင်ငံ ဗဟိုဘဏ်၊ လာအိုနိုင်ငံဘဏ်တို့အား အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ထိရောက်စွာဖြင့် လည်ပတ်မှုအားကောင်းစေရန် အတိုးနှုန်းသက်သာသည့် ထုတ်လုပ်မှုမြှင့်တင်ရေး ရန်ပုံငွေထူထောင်ရန် ညွှန်ကြားခဲ့သည်။ **ဆင်ဟွာ**



## ပါရီမသန်စွမ်းအိုလံပစ်အားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော ပြေးခုန်ပစ်အားကစားသမား မောင်စိုးပေ ပြန်လည်ရောက်ရှိ

**ရန်ကုန် စက်တင်ဘာ ၁၀**

ပြင်သစ်နိုင်ငံ ပါရီမြို့၌ ဩဂုတ် ၂၈ ရက်မှ စက်တင်ဘာ ၈ ရက်အထိ ကျင်းပခဲ့သည့် ၂၀၂၄ နွေရာသီမသန်စွမ်းအိုလံပစ်အားကစားပြိုင်ပွဲ ( Paris 2024 Paralympic Games)သို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်မှ ပြေးခုန်ပစ်အားကစားသမား မောင်စိုးပေနှင့် အုပ်ချုပ်သူ ဦးမင်းနိုင်ဦး၊ နည်းပြ ဒေါက်တာထက်ဇေယျာတို့သည် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်မှဆေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးငွေအောင်၊ အတွင်းရေးမှူး ဦးထွန်းနိုင်ဦးနှင့် အမှုဆောင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါပြိုင်ပွဲ၌ မောင်စိုးပေသည် အမျိုးသား မီတာ ၁၀၀ နှင့် မီတာ ၂၀၀ ပြိုင်ပွဲဆေးအဆင့် (T64) (ဒူးအောက်တစ်ဖက်)ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မီတာ ၁၀၀ တွင် အဆင့် ၁၆ နှင့် မီတာ ၂၀၀ ပြိုင်ပွဲတွင် အဆင့် ၁၁ ရရှိခဲ့ကြောင်း သိရသည်။

မောင်စိုးပေအနေဖြင့် ပြီးခဲ့သည့် လေးနှစ်တာကာလအတွင်း နိုင်ငံတကာပြိုင်ပွဲများတွင် ရွှေတံဆိပ်သုံးခု၊ ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်ငါးခု စုစုပေါင်းဆုတံဆိပ်ကိုးခုရရှိခဲ့သည့်အတွက် ကမ္ဘာ့မသန်စွမ်းပြေးခုန်ပစ်အဖွဲ့ချုပ်နှင့် ကမ္ဘာ့မသန်စွမ်းအားကစားအဖွဲ့ချုပ်တို့က ယခု နွေရာသီမသန်စွမ်း အိုလံပစ်အားကစားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် ဖိတ်ကြားခဲ့ခြင်းဖြစ်သည်။

**အာကာစိုး**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် စက်တင်ဘာ ၁၀**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“အကြမ်းဖက်သမားတွေရဲ့ ဖျက်ဆီးရေးလမ်းစဉ်ကြောင့် လျှပ်စစ်မီးသုံးစွဲရေးနဲ့နေ့စဉ်ရှင်သန်မှုတွေမှာ အခက်အခဲတွေနဲ့ ကြုံနေရသောပြည်သူများ”** ခေါင်းစဉ်ဖြင့် စက်တင်ဘာ ၁၁ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“NUG၊ CRPH ရဲ့ တော်လှန်ရေးအလှူငွေ အရိုးအရင်းကောက် ဗန်းပြထောက်ပံ့ငွေနဲ့ ဘဝစတေးခံနေရတဲ့ PDF လူငယ်များ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ

## ထိုင်းဘုရင့်ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ် သုံးခုဆွတ်ခူးရရှိခဲ့သည့် အောင်ပွဲရပိုက်ကျော်ခြင်းအားကစားအဖွဲ့ ပြန်လည်ရောက်ရှိ

**ရန်ကုန် စက်တင်ဘာ ၁၀**

ထိုင်းနိုင်ငံတွင် စက်တင်ဘာ ၁ ရက်မှ ၈ ရက်အထိကျင်းပခဲ့သည့် (၃၇) ကြိမ်မြောက် ထိုင်းဘုရင့်ဖလား (37th Thai King'sCup) ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ရွှေတံဆိပ် တစ်ခု၊ ငွေတံဆိပ် တစ်ခုနှင့် ကြေးတံဆိပ် သုံးခု ဆွတ်ခူးရရှိခဲ့သည့် အောင်ပွဲရပိုက်ကျော်ခြင်း အားကစားအဖွဲ့သည် ယမန်နေ့ည ၁၀ နာရီတွင် ရန်ကုန်မြို့သို့ ထိုင်းလေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြသည်။



အောင်ပွဲရ မြန်မာအားကစားအဖွဲ့အား အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇင်မိုး၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်း အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရဲထွဋ်တင်၊ ဒုတိယဥက္ကဋ္ဌများနှင့်မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)မှ ကျောင်းသားကျောင်းသူများ၊ မိဘဆွေမျိုးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုခဲ့ကြသည်။ (အပေါ်ယာပုံ)

မြန်မာ ပိုက်ကျော်ခြင်း အားကစားအဖွဲ့သည် ယင်းပြိုင်ပွဲတွင် နည်းပြအုပ်ချုပ်သူခြောက်ဦး၊ ကစားသမား အမျိုးသား ၁၂ ဦး၊ ကစားသမား အမျိုးသမီး ၁၁ ဦးတို့ ပါဝင်ကာ အမျိုးသားပြိုင်ပွဲများဖြစ်သည့် Team, Quadrant, Mixed regu, Mixed quadrant နှင့် အမျိုးသမီးပြိုင်ပွဲများဖြစ်သည့် Team, Quadrant, Hoop စသည့် ပြိုင်ပွဲခုနစ်မျိုး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အမျိုးသား Mixed regu ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ အမျိုးသမီး Hoop (ကွင်းသွင်းခြင်းခတ်) ပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခု၊ အမျိုးသား+အမျိုးသမီးလေးယောက်တွဲ ပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခု၊ အမျိုးသမီးအသင်းပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခု၊ အမျိုးသားအသင်းပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခု စုစုပေါင်း ရွှေတစ်ခု၊ ငွေတစ်ခု၊ ကြေးသုံးခု ဆွတ်ခူးရရှိခဲ့ကြသည်။

အဆိုပါ ထိုင်းဘုရင့်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ တရုတ်၊ မြန်မာ၊ တောင်ကိုရီးယား၊ ဂျပန်၊ ဘရူနိုင်း၊ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယား၊ အိန္ဒိယ၊ အမေရိကန်၊ သီရိလင်္ကာ၊ အီရန်၊ အိုမန်၊ ဩစတြေးလျ၊ နီပေါ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ နယူးဇီလန်၊ အာဂျင်တီးနား၊ ဆွစ်ဇာလန်၊ အရှေ့တီမော၊ ပိုလန်၊ အီရတ်၊ အီတလီ၊ တရုတ်(တိုင်ပေ) အစရှိသည့်နိုင်ငံ ၂၈ နိုင်ငံမှ လက်ရွေးစင်ကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ထိုင်းဘုရင့်ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲ သမိုင်းတစ်လျှောက်တွင် အအောင်မြင်ဆုံးအသင်းများမှာ ထိုင်းအသင်းနှင့် မလေးရှားအသင်းတို့ဖြစ်ကြပြီး မြန်မာ၊ တောင်ကိုရီးယားနှင့် ဗီယက်နမ်အသင်းတို့သည် ယခုနောက်ပိုင်းတွင် အင်အားတောင့်တင်းလာသည့် အသင်းကောင်းများ ဖြစ်ကြကြောင်းနှင့် မြန်မာပိုက်ကျော်ခြင်းအားကစားအဖွဲ့အနေဖြင့် ၂၀၂၃ ခုနှစ်ကပြုလုပ်သည့် ထိုင်းဘုရင့်ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ငွေတံဆိပ်သုံးခုနှင့် ကြေးတံဆိပ်သုံးခုရရှိခဲ့ကြောင်းလည်း သိရှိရသည်။

**သတင်းစဉ်**

## အိန္ဒိယ၌ကျင်းပမည့် အာရှအသက် (၂၁)နှစ်အောက် မြင်းစီးတန်းခုန်အားကစားပြိုင်ပွဲ မြန်မာယှဉ်ပြိုင်မည်

**ရန်ကုန် စက်တင်ဘာ ၁၀**

အိန္ဒိယနိုင်ငံ ဟိုက်ဒရာဘတ်မြို့တွင်ကျင်းပမည့် အသက် (၂၁)နှစ်အောက် မြင်းစီးတန်းခုန် (Asian Equestrian Federation (A.E.F) U–21 Regional Group III Show Jumping) ပြိုင်ပွဲနှင့် Tent Pegging (မြင်းစက်ထိုး) သင်တန်းသို့ မြန်မာနိုင်ငံ ကိုယ်စားပြုအားကစားသမားများ ဝင်ရာက်ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်မှ သိရသည်။



အဆိုပါပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ပထမအကြိမ်လူရွေးပွဲကို ၂၀၂၄ ခုနှစ် ဇူလိုင် ၁၉ ရက်နှင့် ၂၀ရက်အထိ ကျင်းပခဲ့ပြီး ဒုတိယအကြိမ် အပြီးသတ်ပဏာမလက်ရွေးစင်ရွေးချယ်သည့် အရည်အချင်းစစ်ပြိုင်ပွဲကို စက်တင်ဘာ ၇ ရက်နှင့် ၈ ရက်က နေပြည်တော် မြင်းစီးအားကစားကွင်း၌ ကျင်းပရာ အသက် ၂၁ နှစ်အောက် မြင်းစီးတန်းခုန်ပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်မြင်းစီးအသင်း (YECC)မှ ကစားသမား မောင်ကျော်ဝဏ္ဏအောင်နှင့် Tent Pegging (မြင်းစက်ထိုး)သင်တန်းတွင် ပထမဆုရ ရန်ကုန်မြင်းစီးအသင်း(YECC )မှ အားကစားသမားမောင်အောင်နိုင်တို့ ရွေးချယ်ခံရကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ ဟိုက်ဒရာဘတ်မြို့တွင် ကျင်းပမည့် အသက် ၂၁ နှစ်အောက် မြင်းစီးတန်းခုန်ပြိုင်ပွဲကို အောက်တိုဘာလတွင် လည်းကောင်း၊ Tent Pegging (မြင်းစက်ထိုး) သင်တန်းကို နိုဝင်ဘာလတွင် လည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ကြမည့်အားကစားသမားများ၊ နည်းပြများအား ရန်ကုန်တိုင်းဒေသကြီး မြင်းစီးအားကစားဆပ်ကော်မတီနှင့် ရန်ကုန်မြင်းစီးအသင်း(YECC) တို့က ဂုဏ်ပြုချီးမြှင့်သည့်ပွဲကို စက်တင်ဘာ ၉ ရက် ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ရန်ကုန်မြင်းစီးအသင်း (YECC)၊ Golden Park (Event Hall)၌ ကျင်းပခဲ့ကြောင်း သိရသည်။

**အာကာလင်း**

## စစ်တောင်းနှင့် သောင်ရင်း မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁၀**

ယနေ့ နံနက် ၇ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ) အထက်သို့ တစ်ပေခန့် (၂၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း လေးလက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**သောင်ရင်းမြစ်စိုးရိမ်ရေမှတ်၌ တည်ရှိနေမှု**

သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၁ ဒသမ ၅၉ ပေ (၉၆၃ စင်တီမီတာ) အထက်သို့ နှစ်ပေကျော် (၆၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်ပေခွဲခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မဒေါက်မြို့နှင့် မြဝတီမြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်တွင် ငွေကျပ် ၈ ဒသမ ၃၇ ဘီလီယံကျော် တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) တစ်တန်ကျော် ဖမ်းဆီးရမိ



**နေပြည်တော် စက်တင်ဘာ ၁၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်တွင် ငွေကျပ် ၈ ဒသမ ၃၇ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) တစ်တန်ကျော် ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

လုံခြုံရေး တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၇ ရက် နံနက် ၄ နာရီခွဲတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ယန်းကျိန်ကျေးရွာအနီး မိုင်းလား-ကျိုင်းတုံသွား ကားလမ်းတွင် လော်တား မောင်းနှင်လာသည့် TOYOTA HILUX REVO မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုး ငွေကျပ် ၈ ဒသမ ၃၇ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၁ ဒသမ ၀၄၇ တန် သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ အိုက်စ်(မက်သ်အဖက်တမင်း)များအား ကျိုင်းတုံမြို့နယ်မှ မိုင်းဖြတ်မြို့နယ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## လုံခြုံရေးတပ်ဖွဲ့ဝင်များက ဩဂုတ်လအတွင်း စစ်ရာဇဝတ်မှုပေါင်း ၃၀၀ ကျော် ကျူးလွန်ခဲ့ပြီး ပြည်သူ ၂၀၁ ဦးကို သတ်ဖြတ်ခဲ့သည်ဟု အခြေအမြစ်မရှိသည့် မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော် စက်တင်ဘာ ၁၀**

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဩဂုတ်လအတွင်း ပြည်သူများအပေါ် စစ်ရာဇဝတ်မှုပေါင်း ၃၀၀ ကျော် ကျူးလွန်ခဲ့ပြီး ပြည်သူ ၂၀၁ ဦးကို သတ်ဖြတ်ခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများမှ မဟုတ်မမှန်ရေးသား ဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဥပဒေမဲ့အကြမ်းဖက်လုပ်ရပ်မျိုးကို မည်သည့်အခါကမျှ လုပ်ဆောင်ခြင်းမရှိကြောင်း၊ နိုင်ငံတစ်ဝန်း အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ပြည်သူအများ ထိခိုက်သေကျေပြီး စည်းစိမ်ဥစ္စာများ ဆုံးရှုံးပျက်စီးနေသည်ကို မျက်ကွယ်ပြု၍ တရားမဝင် ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် ရည်ရွယ်ချက်ရှိရှိဖြင့် ယခုကဲ့သို့ အခြေအမြစ်မရှိသည့် အချက်အလက်များကို လိုရာဆွဲရေးသားခြင်းသာဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

## ရေတာရှည်မြို့နယ်ရှိ ကျေးရွာအချို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒရုန်းဖြင့်ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပြည်သူသုံးဦး သေဆုံးခဲ့သည်ဟု မဟုတ်မမှန် လုပ်ကြံရေးသားလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကဲလင်းဆိပ်ကျေးရွာ စာသင်ကျောင်းနှင့် ရှားတောကျေးရွာတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၈ ရက်တွင် ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်းနှင့် အဆိုပါ တိုက်ခိုက်မှုကြောင့် ပြည်သူသုံးဦး သေဆုံးကာ ၁၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု လုပ်ကြံရေးသားထားသည့် သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လှုံ့ဆော်ဝါဒဖြန့်ဝေနေကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ ရေတာရှည်မြို့နယ်မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ကဲလင်းဆိပ်ကျေးရွာနှင့် ရှားတောကျေးရွာတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့သည့်သတင်း အမှားသာဖြစ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူများနေထိုင်ရာ မြို့ရွာများအတွင်းသို့ ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်း မရှိကြောင်း၊ တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




## အမျိုးသားချင်း မုဒိမ်းပြုကျင့်မှုကို ထောင်အာဏာပိုင်များက အရေးမယူဟု လုပ်ကြံရေးသား

**နေပြည်တော် စက်တင်ဘာ ၁၀**

အင်းစိန်ထောင်တွင် အကျဉ်းဦးစီးဌာန၏ လက်ကိုင်တုတ် ရာဇဝတ်အကျဉ်းသားက နိုင်ငံရေးအကျဉ်းသားတစ်ဦးကို အမျိုးသားချင်း မုဒိမ်းပြုကျင့်မှုအား ထောင်အာဏာပိုင်များက အရေးမယူဟု Khit Thit အမည်ခံ Facebook Page က စက်တင်ဘာ ၄ ရက်တွင် ပြည်သူလူထု အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံသတင်းရေးသား ဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

ဖြစ်စဉ်အမှန်မှာ အင်းစိန်ဗဟိုအကျဉ်းထောင်တွင် နိုင်ငံရေးအကျဉ်းသား အကျဉ်းသူဟူ၍မရှိဘဲ တည်ဆဲဥပဒေတစ်ခုခုကို ချိုးဖောက်၍ တရားရုံးက ပြစ်ဒဏ်ပေးထားသော အကျဉ်းသားအကျဉ်းသူများသာရှိပြီး ဩဂုတ် ၂၀ ရက် နံနက်ထောင်ဖွင့်ချိန်၌ အမျိုးသား ဆေးရုံဆောင်၊ တီဘီကုသဆောင် အခန်း(၂)တွင် နံနက် ၄ နာရီခန့်က အခန်းလူကြီး ဇင်မျိုးကိုသည် အခန်းသားဖြစ်သူ အကျဉ်းသား သန့်စည်သူမောင်အား အလိုမတူဘဲ အတင်းအဓမ္မ လိင်တူဆက်ဆံရန် ကြံစည်ခဲ့ကြောင်း တာဝန်ကျဘာဝနာစောင့်မှ အဆောင်မှူးထံ သတင်းပို့ခဲ့သဖြင့် အဆောင်မှူးသည် ယင်းအကျဉ်းသားနှစ်ဦးအား ခေါ်ယူစစ်ဆေးရာ အခန်းလူကြီးဖြစ်သူဇင်မျိုးကိုသည် သန့်စည်သူမောင်အား အလိုမတူဘဲ လိင်တူဆက်ဆံရန် ကြံစည်ကြိုးစားခဲ့သည်ကို စစ်ဆေးတွေ့ရှိရကြောင်း၊ ထို့ကြောင့် ထောင်တာဝန်ခံအရာရှိက အကျဉ်းထောင်၏ လုပ်ထုံးလုပ်နည်းနှင့်အညီ အကျဉ်းသား ဇင်မျိုးကိုအား အခန်းလူကြီးအဖြစ်မှ ထုတ်ပယ်ခြင်း၊ ဒေါက်ခြေချင်းဖြင့် ၁၄ ရက် ပြစ်ဒဏ်တိုက်၌ ထားရှိခြင်း၊ လျှော့ရက်နုတ်ပယ်ခြင်း ပြစ်ဒဏ်များချမှတ်ခဲ့သည့်အတွက် အကျဉ်းသား ဇင်မျိုးကိုအား အပြစ်ပေးအရေးယူမှု မပြုလုပ်ဟုဆိုခြင်းမှာ မှန်ကန်မှုမရှိကြောင်း။

အင်းစိန်ဗဟိုအကျဉ်းထောင်ရှိ ထောင်တာဝန်ခံအရာရှိသည် အကျဉ်းထောင်ဥပဒေ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်နှင့် မည်သည့်အကျဉ်းသားကိုမှ မတရားရိုက်နှက်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ ငွေကြေးတောင်းခံခြင်းများ မပြုလုပ်ရန် မှာကြားပြောဆိုကြပ်မတ်လျက်ရှိပြီး ဝန်ထမ်းများမှ ငွေကြေးကိစ္စပတ်သက်မှုရှိပါက ထောင်တာဝန်ခံအရာရှိသည် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကာ အဆောင်မှူးအနေဖြင့် အကျဉ်းသားများအပေါ်တွင် လူမဆန်စွာဆက်ဆံခြင်း၊ ရိုက်နှက်ခြင်း၊ ငွေညှစ်ခြင်းများမရှိကြောင်း၊ မည်သည့်ဝန်ထမ်းမဆို ဥပဒေမဲ့ဆောင်ရွက်မှုကို ခွင့်ပြုထားခြင်းမရှိဘဲ စစ်ဆေးပေါ်ပေါက်ပါကလည်း အရေးယူလျက်ရှိသည့်အတွက် Khit Thit Media အမည်ခံ Facebook Page ၏ ဖော်ပြမှုသည် ပြည်သူအများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံရေးသားထားခြင်းသာဖြစ်သည်။

**သစ္စာ**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၁၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် စက်တင်ဘာ ၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "H.T.Y Info Channel" Telegram Page ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အမှတ်(၆)ရပ်ကွက်နေ မင်းဇေယျာဇော် အား ညနေ ၄ နာရီခွဲတွင်လည်းကောင်း၊ "@zinmoe2739" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ရှားတောကျေးရွာနေ ဇင်မိုး အား ညနေ ၅ နာရီတွင်လည်းကောင်း၊ "Nay Stone" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ကရင်အမျိုးသားရပ်ကွက်နေ နေလတ်သိုက်(ခ)ပေါက်စအား ည ၇ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ "Daw Sandar Khin" Faeebook အကောင့်ပိုင်ရှင်ဖြစ်သူ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၉၄) ရပ်ကွက်နေ ခင်စန္ဒာသိန်း(ခ)သွယ်သွယ်ထူး (ခ)ယူကီကို အား ည ၇ နာရီ ၅၅ မိနစ်တွင်လည်းကောင်း၊ "Kg Lay (ကောင်လေး)" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၁၄၆) ရပ်ကွက်နေ ဇော်ထူးအောင် အား ည ၁၁ နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊ "Res Pon Sibility" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ထန်းတပင်မြို့နယ် ရေတွင်းကုန်းကျေးရွာနေ သုမောင်ကျော် အား စက်တင်ဘာ ၁၀ ရက် နံနက် ၃ နာရီခွဲတွင် လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# လူကုန်ကူးမှုတိုက်ဖျက်ရေး အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ပေး

မောင်သောင်းဝင်း
(တမန်ဟောင်း)

လက်ရှိအချိန်တွင် လူကုန်ကူးမှုသည် တရားမဝင်မူးယစ်ဆေးဝါးနှင့် လက်နက်ရောင်းဝယ်မှုပြီးလျှင် တတိယမြောက် အများဆုံးရာဇဝတ်မှုဖြစ်သည်။ နှစ်စဉ် တရားမဝင်လူကုန်ကူးခံရသူ သန်း ၂၀ ခန့် ရှိပြီး ထိုလုပ်ငန်းမှ အမေရိကန်ဒေါ်လာ ၄၀ ဘီလီယံခန့်ရရှိနေကြသည်။

### လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့

မြန်မာနိုင်ငံတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ၂၀၀၅ ခုနှစ် စက်တင်ဘာလ ၁၃ ရက်တွင် စတင်ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၃ ခုနှစ်မှ စတင်ကာ နှစ်စဉ် စက်တင်ဘာ ၁၃ ရက်ကို လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ခဲ့သည်။ လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ကာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန် သတ်မှတ်ကျင်းပခြင်းဖြစ်သည်။

### လူကုန်ကူးမှုဆိုသည်မှာ

လူကုန်ကူးမှုဆိုသည်မှာ လူပုဂ္ဂိုလ်တစ်ဦးဦးသည် အခြားသူတစ်ဦးတစ်ယောက်ကို ထိုသူ၏ သဘောတူညီချက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ခေါင်းပုံဖြတ်ခြင်းအလို့ငှာ လူများကို သိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ငှားယူခြင်း၊ ခိုလှုံခွင့်ပေးခြင်း၊ သို့မဟုတ် လက်ခံခြင်းကို ဆိုလိုပါသည်။ ထိုသို့ လူကုန်ကူးရန် အပြုအမူတစ်ရပ်ရပ်ပြုလုပ်ရာတွင် ခြိမ်းခြောက်ခြင်း၊ အင်အားသုံးခြင်း၊ သို့မဟုတ် အခြားနည်းဖြင့် အနိုင်အထက်ပြုခြင်း၊ သွေးဆောင်ခေါ်ယူခြင်း၊ လိမ်လည်ခြင်း၊ လှည့်ဖြားခြင်း၊ အခွင့်အာဏာကို အလွဲသုံးစားပြုခြင်း၊ သို့မဟုတ် ဘဝရပ်တည်ရန် ခက်ခဲနေသော အခြေအနေကို အလွဲသုံးစားပြုခြင်း၊ တစ်ဦးတစ်ယောက်အပေါ် ချုပ်ကိုင်နိုင်သောသူ၏ သဘောတူညီချက်ရရှိရန် ငွေကြေး၊ သို့မဟုတ် အကျိုးအမြတ်ပေးခြင်း၊ သို့မဟုတ် လက်ခံရယူခြင်းတို့ ပါဝင်သည်။ ထို့အပြင် လူပုဂ္ဂိုလ်တစ်ဦးသည် အခြားသူတစ်ဦးတစ်ယောက်အား ပြည့်တန်ဆာပြုခြင်း၊ ကျေးကျွန်ကဲ့သို့ ခိုင်းစေခြင်း၊ ကြွေးမြီနှင့် နှောင်ဖွဲ့ခိုင်းစေခြင်း၊ သူတစ်ပါးခန္ဓာကိုယ်၏ အစိတ်အပိုင်းအား ထုတ်ယူခြင်း၊ ရောင်းချခြင်းတို့ကိုပြုရာမှ ငွေကြေး၊ အကျိုးအမြတ်လက်ခံရယူခြင်း၊ သို့မဟုတ် လက်ခံရန် သဘောတူခြင်းများသည်လည်း လူကုန်ကူးမှုကျူးလွန်သည့် လုပ်ရပ်များပင်ဖြစ်သည်။

### လူကုန်ကူးခံရသည့် အကြောင်းတရားများ

လူကုန်ကူးခံရသူများသည် အလုပ်အကိုင်အခွင့်အလမ်းရှားပါးမှု၊ အလွန်အကျွံဆင်းရဲမှု၊ အသိပညာဗဟုသုတနည်းပါးမှု၊ အိမ်တွင်းအကြမ်းဖက်ခံရမှုနှင့် သူငယ်ချင်းများ၊ ဆွေမျိုးများ စသည်တို့က နိုင်ငံရပ်ခြားတွင် သွားရောက်အလုပ်လုပ်ကိုင်ပါက ဝင်ငွေကောင်းကောင်းရမည်ဖြစ်ကြောင်း ပြောဆိုမှုများကို ယုံကြည်ကာ သွားရောက်ကြသဖြင့် လူကုန်ကူးသည့်မုဆိုးများ၏ ပစ်ကွင်းသို့ သက်ဆင်းသွားကြရသည်။ တချို့သောသူများသည် အားနာတတ်မှု၊ ရိုးသားမှု၊ မသိနားမလည်မှု၊ နိုင်ငံခြားကို အထင်ကြီးမှုတို့ကြောင့် သားကောင်ဘဝ သက်ဆင်းကာ တစ်ဖက်နိုင်ငံတွင် အခိုင်းအစေအဖြစ် ရောင်းချခြင်းခံကြရသည်။ သဘောမတူသူနှင့် ပေးစားကာ လက်ထပ်ထိမ်းမြားပေးခြင်း၊ အဓမ္မအလုပ်စေခိုင်းခံရခြင်း၊ ပြည့်တန်ဆာအလုပ်စေခိုင်းခံရခြင်းတို့ကို ခံကြရသည်။ ထို့ပြင် ရွှေ့ပြောင်းသွားလာ လုပ်ကိုင်လိုသူများအပေါ် အကျိုးအမြတ်ရယူလိုသူများ၊ ခေါင်းပုံဖြတ်လိုသူများကြောင့် လူမှောင်ခိုမှု၊ လူကုန်ကူးမှုများဖြစ်ပေါ်လာရသည်။ တရားမဝင်ရွှေ့ပြောင်းသွားလာမှု၏ ဘဝနိဂုံးသည် လူကုန်ကူးခံရခြင်းပင်ဖြစ်သည်။




လူကုန်ကူးသူများသည် အမျိုးသမီးများနှင့် ကလေးငယ်များအပါအဝင် လူသားများကို မက်လုံးပေး စည်းရုံးသိမ်းသွင်း ရောင်းချလေ့ရှိကြသည်။ လူကုန်ကူးမှုများသည် တစ်စတစ်စ ကြီးထွားလာသော နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုများပင်ဖြစ်သည်။ နိုင်ငံတကာအဖွဲ့အစည်းများကလည်း လူကုန်ကူးသူများကို လူ့အခွင့်အရေးချိုးဖောက်သူများအဖြစ် ပြစ်တင်ရှုတ်ချ လျက်ရှိသည်။ သို့သော် လူ့အသိုက်အဝန်းကို ခြိမ်းခြောက်နေဆဲပင်ဖြစ်သည်။ ဆင်းရဲတွင်းနက်နေသူများ၊ ကလေးသူငယ်များ၊ အမျိုးသမီးငယ်များသည် လူကုန်ကူးသူများ၏ ပစ်မှတ်ဖြစ်လေ့ရှိကြသည်။ လူကုန်ကူးသူများသည် အမျိုးသမီးငယ်များကို လိင်ကျွန်ပြုရန်လည်းကောင်း၊ အရွယ်ရောက်သူ အမျိုးသားများကို လုပ်အားခေါင်းပုံဖြတ်ရန်လည်းကောင်း၊ ကလေးသူငယ်များကို ကိုယ်လက်အင်္ဂါဖြတ်တောက် ရောင်းချရန်လည်းကောင်း မက်လုံးပေး ဆွဲဆောင်စည်းရုံး ရောင်းချလေ့ရှိကြသည်။

### လူကုန်ကူးခံရသူများ

လူကုန်ကူးခံရသူတစ်ဦးအား လိင်ဖျော်ဖြေရေးအတွက် ခေါင်းပုံဖြတ်စေခိုင်းခြင်းကို လိင်ကုန်ကူးခြင်းဟု ခေါ်ဆိုသည်။ ကလေးငယ်များကို လိင်ကျွန်ပြုခြင်းအပါအဝင် ပြည့်တန်ဆာလုပ်ခိုင်းခြင်းဖြင့် လိင်ကုန်ကူးသူများက အမြတ်ထုတ်လေ့ရှိကြသည်။ လိင်ကုန်ကူးမှုသည် ကမ္ဘာတစ်ဝန်းတွင် လျင်မြန်စွာ ကြီးထွားလာသော ရာဇဝတ်မှုလုပ်ငန်းတစ်မျိုးဖြစ်နေသည်။ နိုင်ငံတကာအလုပ်သမားအဖွဲ့၏ အဆိုအရ လူ ၄၉ ဒသမ ၆ သန်းသည် အဓမ္မအလုပ်စေခိုင်းခြင်းခံနေရပြီး ၎င်းတို့အနက် ၁၂ သန်းသည် ကလေးသူငယ်များဖြစ်သည်။ ထို့ပြင် ခေတ်သစ်ကျွန်ပြုခံနေရသည့် သန်း ၂၀ ကျော်ခန့်သည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များဖြစ်သည်။ ၎င်းတို့အနက် လူ ၄ ဒသမ ၅ သန်းသည် လိင်ကျွန်ပြုခံနေရသည်။ ယနေ့အချိန်အထိ ကမ္ဘာတစ်ဝန်း၌ ကလေးအလုပ်သမား သန်း ၁၆၀ ကျော်ခန့်ရှိသည်။ ၎င်းတို့အနက် ၆၃ သန်းသည် မိန်းကလေးများဖြစ်ပြီး ၉၇ သန်းခန့်သည် ယောက်ျားလေးများဖြစ်သည်။

လက်ရှိအချိန်တွင် တစ်ကမ္ဘာလုံး၌ လူကုန်ကူးခံရသူ ၄၀ ဒသမ ၃ သန်းခန့်သည် လုပ်အားခမရဘဲ ကျွန်ပြုခံနေကြရသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် လူကုန်ကူးခံရသူများသည် ခြိမ်းခြောက်ခံရခြင်း၊ အကြမ်းဖက်ခံရခြင်းတို့ကြောင့် အနည်းငယ်သော လုပ်အားခ၊ သို့မဟုတ် လုပ်အားခလုံးဝမရဘဲ အလုပ်လုပ်နေကြရသည်။ နေရာတိုင်းတွင် တရားမဝင်ကျွန်ပြုနေခြင်းဖြစ်သည်။ ဆိုရလျှင် လူကုန်ကူးခံရသူများသည် ခေတ်သစ်ကျေးကျွန်များပင်ဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဆင်းရဲမွဲတေမှုမြင့်မားခြင်း၊ ကျောင်းနေရန် အခွင့်အလမ်းမရှိခြင်းတို့ကြောင့် ကလေးအလုပ်သမားများ မြင့်မားနေဆဲရှိနေဆဲပင်ဖြစ်သည်။ လူကုန်ကူးသူများသည် ကလေးများကို မက်လုံးပေးဆွဲဆောင်ကာ လုပ်ငန်းခွင်များသို့ ပြန်လည်ရောင်းချလေ့ရှိကြသည်။

### လက်မှတ်ရေးထိုးထား

မြန်မာနိုင်ငံသည် ၂၀၀၀ ပြည့်နှစ်တွင် ပြဋ္ဌာန်းခဲ့သော နိုင်ငံဖြတ်ကျော်အုပ်စုဖွဲ့ မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနှင့် နောက်ဆက်တွဲစာချုပ်ဖြစ်သည့် အမျိုးသမီးနှင့် ကလေးသူငယ်များအပေါ် အထူးပြုသော လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးနှင့် ပြစ်ဒဏ်ပေးရေးဆိုင်ရာစာချုပ်၊ ကုန်းလမ်း၊ ရေလမ်းနှင့် လေကြောင်းအသုံးပြု၍ ရွှေ့ပြောင်းသွားလာသူများအား မှောင်ခိုပို့ဆောင်မှုဆိုင်ရာစာချုပ်တို့ကို ၂၀၀၄ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင်လည်းကောင်း၊ လူကုန်ကူးခြင်း၊ အထူးသဖြင့် အမျိုးသမီးနှင့် ကလေးသူငယ်များအပေါ် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံကွန်ဗင်းရှင်းကို ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့တွင်လည်းကောင်း အတည်ပြုလက်မှတ်ရေးထိုးခဲ့သည်။

ထို့ပြင် မဲခေါင်ဒေသတွင်း နိုင်ငံများဖြစ်သော ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ် ခြောက်နိုင်ငံပါဝင်သော မဲခေါင်မြစ်ဝှမ်းဒေသအတွင်း လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို ၃၀-၃-၂၀၀၄ ရက်နေ့တွင်လည်းကောင်း၊ တရုတ်၊ ထိုင်း၊ လာအို၊ အိန္ဒိယနိုင်ငံတို့နှင့် နှစ်နိုင်ငံအကြား လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများကိုလည်းကောင်း လက်မှတ်ရေးထိုးခဲ့ပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုယန္တရားများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံဖြတ်ကျော် မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံဝန်ကြီးအဆင့် အစည်းအဝေး၊ နိုင်ငံဖြတ်ကျော် မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးအဆင့် အစည်းအဝေးနှင့် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ဘာလီလုပ်ငန်းစဉ် စသည့်ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေး ယန္တရားများတွင်လည်း တက်ကြွစွာ ပူးပေါင်းပါဝင်လျက်ရှိပြီး အဆိုပါယန္တရားများ၏ မူဝါဒလမ်းညွှန်ချက်များနှင့်အညီ နိုင်ငံအဆင့်၊ ဒေသအဆင့် ဦးစားပေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

### လူကုန်ကူးမှုတိုက်ဖျက်ရေး အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေး

လူကုန်ကူးမှုသည် လူသားအချင်းချင်းစာနာမှုကင်းမဲ့စွာဖြင့် ခေါင်းပုံဖြတ်အမြတ်ထုတ်သော လူ့အခွင့်အရေးချိုးဖောက်မှုတစ်ရပ် ဖြစ်သည်။ လူ့အခွင့်အရေးနှင့် ဂုဏ်သိက္ခာကို ခြိမ်းခြောက်ရုံသာမက လူ့အဖွဲ့အစည်းကိုလည်း ထိခိုက်စေနိုင်သည်။ လူကုန်ကူးသူများသည် ဘဝရပ်တည်ရန် ခက်ခဲနေသော အခြေအနေကို အခွင့်အရေးတစ်ရပ်အဖြစ် အသုံးချလျက်ရှိပါသည်။ လက်ရှိကာလတွင် ကမ္ဘာ့နိုင်ငံများက လူကုန်ကူးမှုများအား နိုင်ငံဖြတ်ကျော် မှုခင်းအမျိုးအစားတစ်ရပ်အဖြစ် လက်ခံထားကြပြီး နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းအားထုတ်တားဆီးကာကွယ်နေကြသော်လည်း ဖြစ်ပွားမှုမြင့်မားနေဆဲပင်ဖြစ်သည်။

မြန်မာနိုင်ငံသားများသည် အဓမ္မလုပ်အားခိုင်းစေမှု၊ လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှု၊ အဓမ္မလက်ထပ်ထိမ်းမြားမှု စသည့်လူကုန်ကူးမှုပုံစံများဖြင့် ပြည်တွင်းအပါအဝင် အိမ်နီးချင်းနိုင်ငံများနှင့် အခြားနိုင်ငံများသို့ နှစ်စဉ်လူကုန်ကူးခြင်းခံနေရသည်။ ပြည်တွင်းအလုပ်အကိုင်ရှားပါးမှု၊ လုပ်ခလစာနည်းပါးမှုအပါအဝင် ဘဝရပ်တည်ရန် ခက်ခဲသည့် အခြေအနေများကြောင့် ပြည်ပနိုင်ငံများသို့ တရားဝင်/ တရားမဝင် ရွှေ့ပြောင်းသွားလာလုပ်ကိုင်ကြရာမှ ပွဲစားများ၏ မက်လုံးပေးစည်းရုံးမှုကြောင့်လည်းကောင်း၊ တရားဝင် အလုပ်သမားစေလွှတ်ရန်

*စာမျက်နှာ ၁၇ သို့*

**❂ လူကုန်ကူးသူများသည် အမျိုးသမီးများနှင့် ကလေးငယ်များအပါအဝင် လူသားများကို မက်လုံးပေး စည်းရုံးသိမ်းသွင်း ရောင်းချလေ့ရှိကြသည်။ လူကုန်ကူးမှုများသည် တစ်စတစ်စကြီးထွားလာသော နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုများပင်ဖြစ်သည်။ နိုင်ငံတကာအဖွဲ့အစည်းများကလည်း လူကုန်ကူးသူများကို လူ့အခွင့်အရေး ချိုးဖောက်သူများအဖြစ် ပြစ်တင်ရှုတ်ချလျက်ရှိသည်။ သို့သော် လူ့အသိုက်အဝန်းကို ခြိမ်းခြောက်နေဆဲပင် ဖြစ်သည်။ ဆင်းရဲတွင်းနက်နေသူများ၊ ကလေးသူငယ်များ၊ အမျိုးသမီးငယ်များသည် လူကုန်ကူးသူများ၏ ပစ်မှတ်ဖြစ်လေ့ရှိကြ**

# ရန်ကုန်တိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (တိုင်းဒေသကြီးအဆင့်)ပြိုင်ပွဲ ဒုတိယနေ့ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၀**

၂၀၂၄ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (တိုင်းဒေသကြီးအဆင့်) ပြိုင်ပွဲများကို စက်တင်ဘာ ၈ ရက်မှ ၁၀ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ မြန်မာကွန်ဗင်းရှင်းစင်တာခန်းမ၌ ကျင်းပလျက်ရှိရာ ဒုတိယနေ့ ပြိုင်ပွဲများကို သက်ဆိုင်ရာ ဘာသာရပ်များအလိုက် ဝါသနာရှင်ပြိုင်ပွဲဝင်များက အားပါးတရ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ဝါသနာရှင်(ပထမတန်းအဆင့်)နှင့် (ဒုတိယတန်းအဆင့်)ဟူ၍ မဟာဂီတ၊ ခေတ်ဟောင်း/ကာလပေါ်၊ အမျိုးဂုဏ်/ဇာတိဂုဏ်၊ မင်းသား/ မင်းသမီးအက၊ ရုပ်သေးကြိုးဆွဲအက၊ ကွက်စိပ်အက၊ တေးသီချင်းများ ရေးသားခြင်း၊ စောင်း/ စန္ဒယား/ ပတ္တလား/ တယော/ မယ်ဒလင်/ ဂီတာ/ ဒုံမင်းတီးခတ်ခြင်း၊ နှဲ/ ပလွေတီးမှုတ်ခြင်း၊ ဆိုင်းတစ်ဦးချင်း/ ဆိုင်းအဖွဲ့လိုက်တီးခတ်ခြင်း၊ အိုးစည်အဖွဲ့လိုက်တီးခတ်ခြင်း၊ ဒိုးပတ်အဖွဲ့လိုက်တီးခတ်ခြင်း စသည်ဖြင့် သက်ဆိုင်ရာ ဘာသာရပ်များအလိုက် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲများ ကျင်းပနေမှုကို ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ သက်ဆိုင်ရာ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြကြောင်း သိရသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**




## မြောင်းမြမြို့၌ စာဖတ်ရှိန်မြင့်မားလာရေး ရွေ့လျားစာကြည့်တိုက်ဖြင့် ကြိုးပမ်း

**မြောင်းမြ စက်တင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြည်သူများ စာပေနှင့် စဉ်ဆက်မပြတ်စေရေး၊ အချိန်မကုန် လူမပင်ပန်းစေဘဲ စာအုပ်စာစောင်များ အဆင်ပြေပြေ ငှားရမ်းဖတ်ရှုနိုင်ရေး၊ စာဖတ်ရှိန်ပိုမို မြင့်မားလာစေရေးအတွက် Mobile Library Bus ဖြင့် ယမန်နေ့ နံနက်ပိုင်းက ခရိုင်စိုက်ပျိုးရေးရုံး၊ စာရင်းစစ်ရုံး၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ လေ့ကျင့်ရေး အလယ်တန်းကျောင်း၊ အမှတ်(၁) ရပ်ကွက်များသို့ သုတ/ ရသ စာအုပ်၊ စာစောင်မျိုးစုံ ယူဆောင်၍ သွားရောက်ငှားရမ်းပေးခဲ့သည်။

ထိုသို့ စာအုပ်စာစောင်များ ငှားရမ်းပေးရာတွင် ဝတ္ထု၊ မဂ္ဂဇင်း၊ ရုပ်ပြနှင့် အသိပညာဗဟုသုတများစွာရရှိမည့် သုတ/ရသ စာအုပ်စာစောင်များ စုံလင်စွာ ငှားရမ်းပေးခဲ့ပြီး ငှားရမ်းပေးခဲ့သော စာအုပ်များကို ရက်သတ္တနှစ်ပတ်လျှင် တစ်ကြိမ် လဲလှယ်စနစ်ဖြင့် ငှားရမ်းပေးမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## စစ်ကိုင်းမြို့၌ အသေးစားလုပ်ငန်းအခြေခံသင်တန်းများဖွင့်

**စစ်ကိုင်း စက်တင်ဘာ ၁၀**

စစ်ကိုင်းခရိုင် အသေးစား စက်မှုလက်မှု လုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်းအတွက် အခြေခံ စက်ချုပ်နှင့် တန်ဖိုးမြင့် စားသောက်ကုန် ထုတ်လုပ်မှု နည်းပညာ သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၁၀ ရက်က စစ်ကိုင်းမျက်မမြင်ကျောင်းခန်းမ၌ ကျင်းပသည်။



သင်တန်းဖွင့်ပွဲတွင် စစ်ကိုင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးအောင်က အမှာစကားပြောကြားပြီး ခရိုင်အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးဝေလျံစိုးက သင်တန်းများ ဖွင့်လှစ်ပေးရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး တာဝန်ရှိသူများက သင်ထောက်ကူ ပစ္စည်းများ ပေးအပ်သည်။ အခြေခံစက်ချုပ်နည်းပညာ သင်တန်းတွင် သင်တန်းသား၂၀ အား တစ်လခွဲခန့်နှင့် တန်ဖိုးမြင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာ သင်တန်းတွင် သင်တန်းသား ၁၀ ဦးအား တစ်ပတ်တာ သင်ကြားပေးမည် ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## သံတောင်ကြီးဒေသထွက် လက်ဖက်စိုများ ဝယ်လိုအားကောင်းပြီး ဈေးကောင်းရရှိ

**သံတောင်ကြီး စက်တင်ဘာ ၁၀**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်သည် တောင်ပေါ်မြို့ဖြစ်သည့်အားလျော်စွာ ဒေသခံပြည်သူများသည် အသက်မွေးဝမ်းမှုအဖြစ် စိုက်ပျိုးရေးကို အဓိကလုပ်ဆောင်လျက်ရှိရာ လက်ဖက်စိုက်ပျိုးခြင်းလုပ်ငန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ယခုမိုးတွင်းအချိန်ဖြစ်သော်လည်း လက်ဖက်စိုများ ဝယ်လိုအားကောင်းပြီး ဈေးကောင်းရရှိကြောင်း သိရသည်။

သံတောင်ကြီးမြို့သည် အမြင့်ပေ ၄၀၀၀ အထက်ရှိပြီး အအေးပိုင်းဒေသဖြစ်သည့်အတွက် လက်ဖက်ပင်များ စိုက်ပျိုးရာတွင် အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။ လက်ဖက်ပင်များ စိုက်ပျိုးပြီး ငါးနှစ်ခန့်တွင် လက်ဖက်ရွက်နုများ ခူးယူပြီး လက်ဖက်စို၊ လက်ဖက်ခြောက်၊ အချိုခြောက်အဖြစ် ပြုလုပ်ကြသည်။ ယခုမိုးတွင်းအချိန်တွင် လက်ဖက်စိုက်ပျိုးတောင်သူများအနေဖြင့် လက်ဖက်ရွက်အနုများ ခူးယူကာ လက်ဖက်စိုများ ပြုလုပ်ရောင်းချလျက်ရှိသည်။

သံတောင်ကြီးဒေသတွင် လက်ဖက်စိုများ ပြုလုပ်ရာတွင် ဓာတုပစ္စည်းများ အသုံးပြုခြင်းမရှိဘဲ သဘာဝလက်ဖက်စိုများသာ ပြုလုပ်သည့်အတွက် အထားခံခြင်းတို့ကြောင့် ဝယ်လိုအားကောင်းပြီး ယခုအချိန်တွင် သံတောင်ကြီးဒေသထွက် လက်ဖက်စိုတစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ အထိ ရရှိသည့်အတွက် လက်ဖက်စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သည့် တောင်သူများမှာ လက်ဖက်ပင်များကို ပိုမိုစိုက်ပျိုးလာခဲ့ကြောင်း သိရသည်။

**နော်နော်မူ**

## ပြင်းထန် ဝမ်းပျက်ဝမ်းလျှောရောဂါဆိုင်ရာ အသိပညာပေး

**ပွင့်ဖြူ**

မိုးရာသီတွင် ဖြစ်ပွားလေ့ရှိသည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် အသိပညာပေးခြင်းကို စက်တင်ဘာ ၉ ရက် နံနက်ပိုင်းက ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့က ပွင့်ဖြူမြို့မ စည်ပင်သာယာဈေးသို့ သွားရောက်ပြီး ဈေးသူ ဈေးသားများနှင့် ဈေးဝယ်လာပြည်သူများအား ကွင်းဆင်းအသိပညာပေး ဆွေးနွေးဟောပြောသည်။

ပွင့်ဖြူမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုးစိုးနိုင် ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဈေးသူ ဈေးသားများနှင့် ပြည်သူများအား ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ မဖြစ်ပွားစေရေးအတွက် မသန့်ရှင်းသောရေနှင့် မသန့်ရှင်းသော အစားအစာများကို စားသောက်ခြင်းမှ ရှောင်ကြဉ်ရန်နှင့် ရောဂါဖြစ်ပွားပါက နီးစပ်ရာ ကျန်းမာရေးဌာနများ၌ အချိန်မီဆေးဝါးကုသမှုများခံယူကြရန် အသိပညာပေးသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**



**ကံမ**

မကွေးတိုင်းဒေသကြီး ကံမမြို့ မြို့မဈေးနှင့် လူစည်ကားရာနေရာများ၌ ပြည်သူများအား မိုးရာသီကာလတွင် ဖြစ်ပွားမှုများပြားနိုင်သည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို စက်တင်ဘာ ၉ ရက်က မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

*စာမျက်နှာ ၁၆ မှ*

သဘောတူညီချက် လက်မှတ်ရေးထိုးထားခြင်းမရှိသော နိုင်ငံများသို့ တရားမဝင်ပို့ဆောင်ခံရခြင်းကြောင့်လည်းကောင်း လုပ်အားခေါင်းပုံဖြတ်မှုနှင့် လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ် အမြတ်ထုတ်မှုတို့ကို ခံနေကြရသည်။

စင်စစ်အားဖြင့် လူကုန်ကူးမှုပြဿနာသည် နိုင်ငံတစ်နိုင်ငံရှိ အစိုးရတစ်ရပ်တည်း ဖြေရှင်း၍ မရနိုင်သည့် ရာဇဝတ်မှုမျိုးဖြစ်သည်။ ကမ္ဘာ့နိုင်ငံအားလုံး ပေါင်းစပ်ချိတ်ဆက်ဆောင်ရွက်မှသာ ထိုရာဇဝတ်မှု လျှော့နည်းကျဆင်းနိုင်သည်။ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများအကြား ပေါင်းစပ်ဆောင်ရွက်ခြင်း၊ နိုင်ငံတော်အဆင့်တာဝန်ရှိသူများ ပေါင်းစပ်ဆောင်ရွက်ခြင်း၊ စွမ်းဆောင်ရည် တည်ဆောက်ခြင်း၊ ပြည်သူများအား ဗဟုသုတမျှဝေခြင်း၊ နည်းပညာပိုင်းဆိုင်ရာ အထောက်အကူပေးခြင်း၊ လူကုန်ကူးခံရသူများအား အပြည့်အဝကာကွယ်စောင့်ရှောက်ခြင်း၊ ပြည်သူများအကြား လူကုန်ကူးသူများအား ပူးပေါင်းဆန့်ကျင်တိုက်ဖျက်ရေးစိတ်ဓာတ် ကိန်းအောင်းလာအောင်ဆောင်ရွက်ခြင်းတို့ကို အလေးထားဆောင်ရွက်သွားရန်လိုအပ်သည်။ မြန်မာနိုင်ငံတွင် လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ စတုတ္ထငါးနှစ်စီမံကိန်း (၂၀၂၂-၂၀၂၆)ကို ဟန်ချက်ညီညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အထူးသဖြင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအတွက် အမျိုးသမီးများနှင့် ကလေးသူငယ်များ အပါအဝင် ထိခိုက်လွယ်အုပ်စုများ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ လူကုန်ကူးမှုတားဆီးရေးလုပ်ငန်းများ၊ ကယ်တင်ရေးနှင့် ကူညီရေးလုပ်ငန်းများကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ဟန်ချက်ညီညီ ဆောင်ရွက်သွားရန် လိုအပ်သည်။ အရေးကြီးဆုံးအချက်မှာ လူကုန်ကူးခံရသူများသည် စိတ်ဓာတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားနေရသူများ ဖြစ်ခြင်းကြောင့် လူ့အသိုက်အဝန်းအတွင်း ပြန်လည်ဝင်ဆံ့နိုင်ရေးအတွက် ၎င်းတို့၏အသံကိုအလေးထားနားထောင်သွားရမည်ဖြစ်သည်။

ကမ္ဘာလုံးကို ခြိမ်းခြောက်မှုတစ်ခုဖြစ်သည့် လူကုန်ကူးမှုသည် နေ့ချင်းညချင်း ပပျောက်အောင် တိုက်ဖျက်နိုင်မည့် လုပ်ငန်းစဉ်မဟုတ်သောကြောင့် အစိုးရများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်မှသာလျှင် အတိုင်းအတာတစ်ခုအထိ လျှော့ချနိုင်မည် ဖြစ်ပါသည်။ ။

**ရည်ညွှန်း-**


(၁) ၁၃-၉-၂၀၂၃ ရက်ထုတ် မြန်မာ့အလင်း သတင်းစာ။

(၂) Human Trafficking Statistics and Facts In 2024 | OUR Rescue

(၃) Child Labour | International Labour Organization (ilo.org)

# ကျိုင်းတုံမြို့၌ မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေစီးဆင်းမှုကြောင့် ရေဘေးသင့်ပြည်သူများအား ရေဘေးကင်းလွတ်ရာသို့ ကူညီရွှေ့ပြောင်း



ရေဘေးသင့်သူများအား ရေဘေးကင်းလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့အတွင်း စက်တင်ဘာ ၈ ရက်မှစ၍ ယနေ့အထိ မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေများ နမ့်လပ်ချောင်းအတွင်းသို့ ဝင်ရောက်ကာ ချောင်းရေမြင့်တက်လာမှုကြောင့် မြို့ပေါ်ရပ်ကွက်များအတွင်းသို့ ချောင်းရေဝင်ရောက်မှုဖြစ်ပေါ်ခဲ့သည်။

**ကူညီရွှေ့ပြောင်းပေး**

အဆိုပါ ချောင်းရေဝင်ရောက်မှုဖြစ်ပေါ်ခဲ့သည့် နေရာများမှ ရေဘေးသင့် ပြည်သူများအား ယနေ့တွင် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေး အသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားများ စုပေါင်း၍ ရေဘေးကင်းလွတ်ရာ နေရာများသို့ ကူညီရွှေ့ပြောင်းပေးခြင်းနှင့် လိုအပ်သည့်ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

ထိုသို့ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တာချီလိတ်မြို့၌ စိုးရိမ်ရေမှတ်အထက် ၁၁ ပေကျော်ရောက်ရှိ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်ပေးလျက်ရှိ

**တာချီလိတ် စက်တင်ဘာ ၁၀**

တာချီလိတ်မြို့၌ စက်တင်ဘာ ၁၀ ရက် မွန်းလွဲ ၂ နာရီ တိုင်းတာချက်အရ မယ်ဆိုင်ချောင်းရေသည် စိုးရိမ်ရေမှတ်အထက် ၃၅၀ စင်တီမီတာ(၁၁ ပေကျော်) သို့ ရောက်ရှိနေပြီး မြန်မာ - ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၁) အဝင်လမ်း ရေကျော်ခြင်းနှင့် မြို့ပေါ်ရပ်ကွက် (၈) ရပ်ကွက်ရှိ လူဦးရေ ၃၈၃၈ ဦးသည် ရေဘေးကြုံတွေ့နေရသဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်မြှင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



စက်တင်ဘာ ၈ ရက် နံနက်အစောပိုင်းမှစ၍ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် နမ့်ယွန်းချောင်း၊ မယ်ခေါင်ချောင်းနှင့် မယ်ဆိုင်ချောင်း ရေကြီးရေလျှံမှုများကြောင့် စက်တင်ဘာ ၉ ရက် မွန်းလွဲ ၁ နာရီခန့်တွင် စိုးရိမ်ရေမှတ် ၃၉၀ စင်တီမီတာသို့ ရောက်ရှိခဲ့ပြီး မြို့ပေါ်ရပ်ကွက်များတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခြင်း၊ မိုးဆက်လက် ရွာသွန်းနေပြီး ချောင်းရေများ ဆက်လက်မြင့်တက်လာလျက်ရှိသဖြင့် သက်ဆိုင်ရာဌာနများက ရေဘေးအန္တရာယ် အသိပညာပေးလှည့်လည်နှိုးဆော်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ရေဘေးသင့် ပြည်သူများအတွက် အောင်မြတ်ခန်းမ၊ ခရိုင်အားကစားရုံနှင့် ပုန်းထွန်သီရိရတနာဂူ ဘုန်းတော်ကြီးကျောင်းတို့တွင် ကူညီကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားရှိပြီး ရေဘေးသင့်ပြည်သူများအား နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး သန့်လှိုင်ဝင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းကိုနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်ဦးကျော်တို့၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ၊ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အလှူရှင်များက ကူညီကယ်ဆယ်ရေး လုပ်ငန်းများနှင့် ထမင်းထုပ်များ၊ ရေသန့်ဘူးများ လိုက်လံဝေငှပေးခြင်း၊ စည်ပင်သာယာရေးဝန်ထမ်းများက ရေစီးရေလာကောင်းမွန်စေရေးအတွက် မြန်မာ - ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၁) တွင် တင်ခံနေသော အမှိုက်သရိုက်များအား စက်ယန္တရားနှင့် လူအင်အားများဖြင့် ရှင်းလင်းဖယ်ရှားခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး မိုးအဆက်မပြတ် ဆက်လက်ရွာသွန်းနေမှုကြောင့် ယခုထက်ပိုမို ရေကြီးရေလျှံမှု ဖြစ်ပွားလာနိုင်ကြောင်း သိရသည်။

**သန်းဇော်(ပြန်/ဆက်)**

# မိုင်းဖြတ်မြို့နယ်အတွင်း ရေကြီးရေလျှံ ကျေးရွာအချို့ရေများဝင်ရောက်မှုဖြစ်ပွား

**မိုင်းဖြတ် စက်တင်ဘာ ၁၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်၌ စက်တင်ဘာ ၁၀ ရက်က မိုးအဆက်မပြတ်ရွာသွန်းခြင်းကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားကာ ကျေးရွာအချို့တွင် ရေများဝင်ရောက်၍ လယ်ယာမြေများနစ်မြုပ်ခြင်းနှင့် ပြည်ထောင်စုလမ်းမပေါ်တွင် ရေလျှံမှုများဖြစ်ပွားလျက်ရှိသည်။

ထိုသို့ မိုးများအဆက်မပြတ်ရွာသွန်းခြင်းကြောင့် မြို့နယ်အတွင်းရှိ နမ့်လုံချောင်း၊ နားလီချောင်းနှင့် မယ်ဟုတ်ချောင်းတို့တွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ပြီး ချောင်းများအနီးရှိ ဝမ်နောင်၊ နားလီ၊ နမ့်ကုန်း၊ နန်းခမ်းတောင်ကျေးရွာများနှင့် ကျေးရွာအချို့တို့တွင် လူနေအိမ်များအတွင်းသို့ ရေများဝင်ရောက်ခြင်း၊ လယ်ယာမြေများ ရေများဖုံးလွှမ်းခြင်းတို့ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အလားတူ ရေကြီးရေလျှံမှုများကြောင့် ကျိုင်းတုံ - မိုင်းဖြတ် - တာချီလိတ်သွား ပြည်ထောင်ထောင်စုလမ်းဘေးရှိ နမ့်လုံချောင်းရေလျှံမှုများကြောင့် မိုင်တိုင်အမှတ် (၇၁၉)အနီး ကားလမ်းပေါ် ရေလျှံမှုဖြစ်ပွားပြီး ယာဉ်များသွားလာ၍ မရသည့်အပြင် အဆိုပါလမ်းတစ်လျှောက် ကားလမ်းအနိမ့်ပိုင်းများတွင်လည်း ရေကျော်မှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ဝင်းကျော်၊ ကြည်ဝင်း၊ နေဇာဇာထွန်း
ဘာသာပြန် စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း သတင်းထောက်များ - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံ သတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ ၁၀ - ၉ - ၂၀၂၄

| စက်သုံးဆီ(လက်လီဈေးနှုန်းများ) | | |
|---|---|---|
| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
| ဒီဇယ်(တစ်လီတာ) | ၂၇၁၀ ကျပ် | ၂၇၉၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၃၃၉၅ ကျပ် | ၃၄၇၅ ကျပ် |
| အောက်တိန်း ၉၂ | ၃၂၁၅ ကျပ် | ၃၂၉၅ ကျပ် |
| အောက်တိန်း ၉၅ | ၃၃၅၅ ကျပ် | ၃၄၃၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)


ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍
အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ


## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၈၀၀ | ၄၃၄ | ၃၈၃၆၈၀၀ |
| MTSH | ၃၄၅၀ | ၃၅၀၀ | ၁၉၃၆ | ၆၆၇၉၄၅၀ |
| MCB | ၈၈၀၀ | ၈၈၀၀ | ၂ | ၁၇၆၀၀ |
| FPB | ၁၈၀၀ | ၁၈၅၀ | ၂၃၀ | ၄၂၄၀၀၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၂၅၃ | ၇၀၈၄၀၀ |
| EFR | ၁၇၀၀ | ၁၇၅၀ | ၂၆၁၈ | ၄၅၆၃၇၅၀ |
| AMATA | ၀ | ၀ | ၀ | ၀ |
| MAEX | ၃၃၅၀ | ၃၄၀၀ | ၃၁၄ | ၁၀၆၆၁၀၀ |
| MADPL (PLB) | ၃၆၅၀၀ | ၃၆၅၀၀ | ၄၉ | ၁၇၈၈၅၀၀ |

### ပတ်စ်ပို့ပျောက်ဆုံးကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ အမှတ်(၁၄)ရပ်ကွက်နေ မောင်ဘုန်းမြင့်သူ ၉/မခန(နိုင်) ၃၄၂၃၈၆ ၏ ပတ်စ်ပို့ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၈၉၉၆၃၉၀**

### ပတ်စ်ပို့ပျောက်ဆုံးကြောင်း

(ဘ) ဦးဝင်းကြိုင်၏ သမီး မကြူကြူစိုး ၇/ကဝန(နိုင်) ၁၃၅၈၂၂ ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၂၅၇၆၂၆၇**

### ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် မ-၄၇၊ ဦးပိုင်အမှတ် ၁၉+၂၀/၄၀x၄၁လမ်းကြား၊ ၅၅x၅၆လမ်းကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ဒုဗိုလ်မှူးကြီးကျော်မြင့် ၁၂/ကမတ (နိုင်) ၀၄၅၉၉၄ ၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၄၆၆/၂၀၂၄)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးစိုးဦး ၅/အတန(နိုင်)၀၀၀၅၃၆က ဂရန်မူရင်း၊ မြေချထားမိန့်မူရင်း၊ ငွေသွင်းပြေစာမူရင်းများမှာ အထားအသိုမှားယွင်း၍ ပျောက်ဆုံးသွားပါသဖြင့် ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များ တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားရန်နှင့် သက်တမ်းတိုးရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၁ရပ်ကွက်၊ အကွက်အမှတ် ခ-၉၊ ဦးပိုင်အမှတ် ၆၀၊ ၆၆လမ်း၊ ၄၂x၄၃ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးရန်ဖာရှမ်း ၁၃/လရန(နိုင်)၀၉၄၉၄၀ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် မမ-၁၂၊ ဦးပိုင်အမှတ် ၇၆၊ ၅၂x၅၃ ကြား၊ ၁၁၆x၁၁၇ လမ်းကြားရှိ မြေကွက်အား တောဂရန်အမှုတွဲအမှတ်(၅၁၁၉/၉၂-၉၃)အရ ဦးသောင်းတင် ၉/မနတ(နိုင်) ၀၂၄၅၃၆ အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန် ဦးထွန်းကြည် ၁၃/နဆန(နိုင်)၀၂၃၅၁၆ မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် ဇဇ-၈၊ ဦးပိုင်အမှတ် ၉၈ ခဲစင်းအရှေ့ဘက်ခြမ်း၊ ၅၂ x ၅၃ ကြား၊ ၁၀၇ x ၁၀၈ လမ်းကြားရှိ တပ်ကြပ်တင်မြင့် အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဦးသက်ထွေးအောင်က တရားပြိုင် တပ်ကြပ်တင်မြင့်အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ် (၇၇/၂၀၂၄)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဦးသက်ထွေးအောင် ၉/ငဇန(နိုင်)၀၈၀၇၀၆က မြေဖိုး ၄၀၀၀/- ငွေသွင်းပြေစာမူရင်းမှာ ပျောက်ဆုံးနေကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ တောဂရန် တရားရုံးအမိန့်တို့တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် ငင-၃၊ ဦးပိုင်အမှတ်(၃၂) ၅၇x၅၈ကြား၊ ၁၀၄x၁၀၅လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဆလိုင်းမျိုးမြင့် (ခ) မျိုးမြင့် ၉/မနမ(နိုင်)၀၂၅၂၂၀ (TGO-၁၁၆၈၄၉)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၅၅၆၀/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးကျော်ကျော်ဦး ၁/မစန(နိုင်)၀၂၄၂၀၈က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် ငင-၁၊ ဦးပိုင်အမှတ် ၃၃/၅၉လမ်းပေါ် မျက်နှာပြု၊ ၁၀၄x၁၀၅လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဇော်ဝင်း ၅/ကလတ(နိုင်)၀၃၄၈၄၈ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ဖခင်အမည်မှန်

မိုးကောင်းမြို့နယ်၊ အ.ထ.က(နမ္မတီး)Grade-12(A) မှ မောင်မုန်ဂေါန်၊ Grade-10(A) မှ မဂျာရတ်နှင့် Grade-8 မှ မောင်ဂွမ်ဆောင်တို့၏ ဖခင်အမည်မှန်မှာ ဦးမုန်နွယ်လ ၁/မကတ(နိုင်)၀၉၆၇၇၃ ဖြစ်ပါကြောင်း။

**ဦးမုန်နွယ်လ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ည၊ မြေကွက်အမှတ် ၂၀၁/က၊ ၁၂၀၀ စ/ပေ၊ မြေကွက်တည်နေရာအမှတ် (၂၀၁/က)၊ ရော(၇)လမ်း၊ (ည) ရပ်ကွက်၊ ဦးစိုးမြင့် ၁၂/ဥကမ(နိုင်)၀၈၄၄၆၆ အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား မြေအမည်ပေါက် ဦးစိုးမြင့်ကိုယ်တိုင်မှ နှစ်(၆၀)မြေငှားဂရန်မူရင်းသည် မိမိလက်ဝယ်တွင် အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားခဲ့ပါကြောင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းထားခြင်း၊ အာမခံအဖြစ်တင်သွင်းထားခြင်းတို့ လုံးဝမရှိပါကြောင်း၊ အရှုပ်အရှင်းပြဿနာပေါ်ပေါက်လာပါက မိမိကသာတာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ဝန်ခံကတိပြုကျမ်းကျိန်အမှတ် ၂၇၄၈/၂၀၂၄/၁၉-၂-၂၀၂၄ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံချက်တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၂ရပ်ကွက်၊ အကွက်အမှတ် ဆ-၇၊ ဦးပိုင်အမှတ် ၂၆-ခ၊ ၇၀x၇၂ ကြား၊ ၁၀၈x၁၀၉ လမ်းကြား ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ယဉ်ယဉ်မြင့် ၉/မရတ(နိုင်)၁၁၀၃၈၅ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် ဘဘ-၁၆၊ ဦးပိုင်အမှတ် ၇၈ ခဲစင်းမြောက်ခြမ်း၊ ၅၃x၅၄ ကြား၊ ၁၁၄x၁၁၅ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်မာမာသိန်း ၉/မရမ(နိုင်) ၀၃၇၉၈၀ က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက် အမှတ် ဗဗ-၃၊ ဦးပိုင်အမှတ် ၉၉၊ ၄၆ လမ်း၊ ၁၁၁x၁၁၂ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးခင်မောင်လတ် ၉/မနမ(နိုင်)၀၆၁၁၄၇ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် ဆဆ-၅၊ ဦးပိုင်အမှတ် ၇/၅၅x၅၆ လမ်းကြား၊ ၁၀၅x၁၀၆ လမ်းကြားရှိ တောဂရန်မြေကွက်အား အမည်ပေါက်သူ ဦးတင်မောင်ဝင်းထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၅၂၁/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးမျိုးနိုင် ၁၃/နမတ(နိုင်)၀၂၄၂၀၄ က မြေကွက်၏မြေချထားမိန့်မူရင်းမှာ အသိမ်းလွန်၍ ပျောက်ဆုံးနေကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ တောဂရန်တို့ တင်ပြ၍ တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်းရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ် ဋ-၈၊ ဦးပိုင်အမှတ် ၆၁၊ ၆၄x၆၅ ကြား၊ ကျုံစစ်သားနှင့် ဇော်ဂျီလမ်းကြားရှိ မြေကွက်အား တောဂရန်အမှုတွဲအမှတ်(၁၀၅၇/၉၀-၉၁)အရ ဒေါ်အုန်းယဉ် ၉/မနမ(နိုင်)၀၄၆၀၇၁ အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန် ဒေါ်လှဲ့လှဲ့ဝင်း ၅/မရန(နိုင်)၀၅၁၆၃၀ မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ပိုးသတ်ဆေးဖြန့်ဖြူးသူ ပြောင်းလဲခြင်း

ပြည်ပထုတ်လုပ်သူ Sixf Crop Protection Co.,Ltd မှ မြန်မာနိုင်ငံပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ စိုက်ပျိုးရေးဆေးများကို ပြည်တွင်းမူလဖြန့်ဖြူးသည့် Myanmar Sixf Agriculture Technology Co.,Ltd မှ Myanmar Max Agro Service Co.,Ltd သို့ ဖြန့်ဖြူးခွင့် လွှဲပြောင်းမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း တွဲဖက်အတွင်းရေးမှူး၊ ပိုးသတ်ဆေး၊ မှတ်ပုံတင်အဖွဲ့ သီးနှံကာကွယ်ရေးဌာနခွဲ၊ ဘုရင့်နောင်လမ်း၊ အနောက်ကြို့ကုန်းရပ်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့သို့ ကန့်ကွက်နိုင်ပါသည်။-

Myanmar Max Agro Service Co.,Ltd Ph:09401573814

| Sr. | Trade Name | Active Ingredient | Registration No. |
|---|---|---|---|
| 1 | Dingna | Emamectin Benzoate 5.7% EC | P2022-5505 |

### ဒေါ်အိနန္ဒာအောင်နှင့် အများသိစေရန်

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးမျိုးဝင်း၊ အမှတ်(ဇ-၄/၇၉)၊ ဒုတိယထပ်၊ (၆၁)လမ်း၊ (၁၁၁ x ၁၁၂)ကြား၊ မြို့သစ်(၄)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏ မိတ်ဆွေနှင့် ဦးလှဝေ-ဒေါ်တင်လှတို့၏သမီး ဒေါ်အိနန္ဒာအောင်တို့သည် လွန်ခဲ့သော (၉)နှစ်ခန့်မှစ၍ အကြင်လင်မယားများဖြစ်ကြပြီး သမီး(၁)ဦး၊ သား(၁)ဦးထွန်းကားခဲ့ပါသည်။ လွန်ခဲ့သော (၅-၉-၂၀၂၄) ရက်တွင် ဒေါ်အိနန္ဒာအောင်သည် မည်သည့်အကြောင်းပြချက်မျှမရှိဘဲ အစ္စလာမ် ဓမ္မသတ်အရ လင်ယောကျ်ားတစ်ဦးတည်းပိုင်ဆိုင်သော ငွေကျပ်သိန်း (၇၀၀) ကျော်နှင့် ရွှေငွေလက်ဝတ်လက်စားများအား လင်ယောကျ်ားမသိစေဘဲ ယူဆောင်၍ နေအိမ်မှ ဆင်းသွားပါသဖြင့် ဒေါ်အိနန္ဒာအောင်အနေဖြင့် ယနေ့သတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း နေအိမ်သို့ မပျက်မကွက်ပြန်လာ၍ ဒေါ်အိနန္ဒာအောင်ယူဆောင်သွားသော အထက်ဖော်ပြပါ ရွှေငွေလက်ဝတ်လက်စားနှင့်တကွ ငွေကျပ်သိန်း(၇၀၀)ကျော်အား ကျွန်ုပ်မိတ်ဆွေထံသို့ မပျက်မကွက်ပြန်လည်ပေးအပ်ပါရန်နှင့် ပျက်ကွက်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ထို့အပြင် ဒေါ်အိနန္ဒာအောင်အား လက်ခံထားသူ မည်သူမဆို ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးနေလင်းအောင်(LL.B) အထက်တန်းရှေ့နေ (စဉ်-၂၆၆၇၃)/၁၂-၆-၂၀၀၇**
**အခန်း(E-14)၊ အမှတ် ၅၀၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၀၀၇၄၆၇၉**

### အများသိစေရန်

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်သင်းသင်းအောင် ၁၄/မမန (နိုင်)၂၁၇၉၉၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သင်းသင်းအောင်သည် ၄-၈-၂၀၂၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁/အနော်မာရပ်ကွက်၊ အနော်မာ (၁၅)လမ်းအနောက်၊ အမှတ်(၆၂၉)၊ (၄-လွှာ)ဟုခေါ်တွင်သော တိုက်ခန်းအား မြေရှင်/ကန်ထရိုက်ဖြစ်သူ ဒေါ်တင်တင်မိုးထံမှ ဝယ်ယူခဲ့ပါသည်။ ထိုသို့ဝယ်ယူရာတွင် ၁/အနော်မာရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ အုပ်ချုပ်ရေးမှူးရှေ့မှောက်တွင် ဒေါ်တင်တင်မိုးထံမှ တရားဝင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုဝယ်ယူခဲ့ပြီး ထိုသို့အရောင်းအဝယ်ပြုလုပ်စဉ်က ဒေါ်တင်တင်မိုးမှ အဆိုပါတိုက်ခန်းသည် မည်သည့်အရှုပ်အရှင်း တစ်စုံတစ်ရာမျှမရှိကြောင်း ဝန်ခံ၍ ကျွန်ုပ်မိတ်ဆွေအား ရောင်းချခဲ့ခြင်းဖြစ်ပါသည်။ ထို့နောက် ကျွန်ုပ်မိတ်ဆွေမှ ၅-၉-၂၀၂၃ ရက်တွင် ဦးလှမြင့်၊ ဒေါ်သိဂီထွန်းတို့အား အထက်ပါကဲ့သို့ပင် အုပ်ချုပ်ရေးမှူးရုံး၌ နှစ်ဦးနှစ်ဖက်အရောင်းအဝယ်ပြုလုပ်လက်မှတ်ရေးထိုးစာချုပ်ချုပ်ဆို၍ ပြန်လည်ရောင်းချခဲ့ပြီး တိုက်ခန်းအားလည်း ဦးလှမြင့်၊ ဒေါ်သိဂီထွန်းတို့လက်ဝယ်သို့ လက်ရောက်ပေးအပ်ခဲ့ပါသည်။ ထို့နောက်ပိုင်း ဒေါ်တင်တင်မိုး ကွယ်လွန်သွားခဲ့ပါသည်။

ထိုသို့ ဒေါ်တင်တင်မိုး ကွယ်လွန်သွားပြီးနောက်ပိုင်း အထက်ဖော်ပြပါတိုက်ခန်းနှင့်စပ်လျဉ်း၍ အခြားသူများမှ ဒေါ်တင်တင်မိုးထံမှ ဝယ်ယူခဲ့သည်ဟုဆိုကာ ကျွန်ုပ်မိတ်ဆွေအား နည်းလမ်းအမျိုးမျိုးဖြင့် စိတ်အနှောင့်အယှက် ပြုနေကြောင်း ကျွန်ုပ်မိတ်ဆွေ၏ ညွှန်ကြားချက်အရ သိရှိရပါသည်။ ကျွန်ုပ်မိတ်ဆွေအနေဖြင့် တရားဝင်ဒေါ်တင်တင်မိုးထံမှ ဝယ်ယူခဲ့ပြီး ဦးလှမြင့်၊ ဒေါ်သိဂီထွန်းတို့အား ပြန်လည်ရောင်းချခဲ့သဖြင့် ကျွန်ုပ်မိတ်ဆွေအနေဖြင့် မည်သည့်အရှုပ်အရှင်းမှမရှိဘဲ ကျွန်ုပ်မိတ်ဆွေအား စိတ်အနှောင့်အယှက် တစ်စုံတစ်ရာပြု၍ ဂုဏ်သရေပျက်ပြားစေသည့်ကိစ္စရပ်များပြုလုပ်သူ မည်သူကိုမဆို ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေလင်းအောင်(LL.B) အထက်တန်းရှေ့နေ (စဉ်-၂၆၆၇၃)/၁၂-၆-၂၀၀၇**
**အခန်း(E-14)၊ အမှတ် ၅၀၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၂၀၀၇၄၆၇၉**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရေကြည်အိုင်၊ ပလရ ဦးခင်အောင်တင့် ၁၂/လသန(နိုင်) ၀၁၂၉၁၈၊ ဒေါ်လီလီစိုး W/RGN ၀၀၂၆၁၇ တို့၏သမီး မခင်မို့မို့အောင်(ခ)မမိုးမိုးနိုင်သည် တစ်ဦးတစ်ယောက်တည်းဖြစ်ပါကြောင်း။

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2P/6014, Isuzu Giga CYJ77W8, Truck(8x4)R (T/S) ယာဉ်လက်ဝယ်ရှိသူ ဦးမင်းသူကျော်ဇော ၅/ရဘန(နိုင်)၁၆၈၀၁၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/67358, Thai Anbo125, M/C ယာဉ်လက်ဝယ်ရှိသူ Eastern Utopia Enterprises Co.Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/62276, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ High Speed Motor Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9F/7408. KIA OPTIMA, Saloon(4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးခန့်မင်းသော် ၈/ရနခ(နိုင်)၁၃၇၅၉၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1P/9037, CHIAC, Dump Truck(4x2)ယာဉ်လက်ဝယ်ရှိသူ ဒေါ်စုလတ်ဖြူ ၉/ပမန(နိုင်)၁၇၇၉၄၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 65W/91755, New Zhineng-110, M/C ယာဉ်လက်ဝယ်ရှိသူ Khwar Nyo Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

(ဘ) ဦးအေးလှိုင်၏သား မောင်ဇော်မိုးလှိုင် ၁၂/သခန (နိုင်) ၁၂၄၁၁၄၏ နိုင်ငံကူးလက်မှတ်နံပါတ် MI–369295မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၉၅၇၁၈၉၇၁၈

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

(ဘ)ဦးကျော်အေး၏သမီး မသီရိဇော် ၈/အလန(နိုင်) ၁၉၇၆၄၆၏ နိုင်ငံကူးလက်မှတ်နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၉၈၆၃၄၀၆၁၇

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

(ဘ)ဦးမောင်သိန်း၏သမီး မခင်သိန်းမြင့် ၁၂/ဒဂမ(နိုင်) ၀၄၃၁၅၆၏ နိုင်ငံကူးလက်မှတ်နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၉၈၆၃၄၀၆၁၇

## ဖောင်းကြွနံပါတ်ပြားပျောက်ဆုံးခြင်း

## လျှောက်ထားခြင်း

ယာဉ်အမှတ် 1J/4800 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

## အများသိစေရန် ကြေညာခြင်း

Myanmar Yi Fan Interior Design and Decoration Co,Ltd (Reg: No.108981407)သည် အုပ်ချုပ်မှု ဒါရိုက်တာ ဒေါ်စန္ဒာဝင်း ၁၃/နစန(နိုင်)၀၇၂၂၈၆မှ ဒေါ်အက်(စ်)တာဗန်ကျုံးနမ်သို့ ၉–၉–၂၀၂၄ခုနှစ်တွင် အပြီးသတ်ရောင်းချပြီးစီးပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ကျော့မွန်မွန်**
**တရားလွှတ်တော်ရှေ့နေ(၁၂၈၉၄/၂၀၁၇)**
**အမှတ် ၄၃၊ အုတ်လမ်း၊ဗဟန်းမြို့နယ်၊ရန်ကုန်မြို့၊**
**ဖုန်း–၀၉–၄၂၀၂၄၆၈၆၃**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်–၂ရပ်ကွက်၊ အကွက်အမှတ် ပ–၃၊ ဦးပိုင်အမှတ် (၉၁)၊ ၄၂လမ်း၊ ၆၀x၆၁ လမ်းကြားရှိ ဦးဝင်းမောင်မောင် အမည်ပေါက်ဂရန်မြေကွက်အား ဖခင် ဦးဝင်းမောင်မောင်ထံမှ မှတ်ပုံတင်အပေးစာချုပ်အမှတ် (၂၉၁၅/၂၀၂၄)ဖြင့် ပေးကမ်းခြင်းကို လက်ခံခဲ့သူ သမီးဖြစ်သူ ဒေါ်ဇာခြည်ဝင်းမောင်မောင် ၉/မဟမ(နိုင်)၀၀၀၇၂၄က အမှုတွဲအမှတ် (၃၅၁၁/၂၀၂၄–၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် စစ–၄၊ ဦးပိုင်အမှတ် (၉၃/ခဲစင်း)၊ ၁၀၆လမ်း၊ ၅၆x၅၇ လမ်းကြားရှိ ဦးလှအောင် အမည်ပေါက် တောဂရန်မြေကွက်အား ချမ်းမြသာစည်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် (၁၉၁/၂၀၂၃)တွင် (၂၈–၁၂–၂၀၂၃)ရက်က ချမှတ်ခဲ့သော စီရင်ချက်ဒီကရီအရ ဦးလှအောင်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၂၄၀/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်စောမွန်ချို ၅/မရန(နိုင်)၁၇၅၄၃၂က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၃၅၁၄/၂၀၂၄–၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ (၁၀၄)ရပ်ကွက်၊ ရွှေဥဒေါင်းလမ်း၊ အိမ်အမှတ်(၁၇၁၃/ခ)၊ မြေအကျယ်အဝန်း (အလျား၂၀ပေxအနံ၆၀ပေ)မြေနှင့် ၎င်းမြေပေါ်ရှိတစ်ထပ်တိုက်အိမ်ကို ဦးစိုးကျော်သူ ၁၂/ဒဂန(နိုင်)၀၃၂၁၀၅ ၊ ဒေါ်ခင်သန္တာဝင်း ၉/တကန(နိုင်)၂၁၉၅၁၅တို့မှ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသည့်အတွက် ၎င်းတို့ နှစ်ဦးပိုင်ဆိုင်သော(အလျား ၂၀ပေxအနံ ၆၀ပေ) မြေနှင့် တစ်ထပ်တိုက်အိမ်အားကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ရာ ထိုအရောင်းအဝယ်အပေါ် ကန့်ကွက်လိုသည့်မည်သူမဆို ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံတွင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ရွှေယဉ်စံ(LL.B) အထက်တန်းရှေ့နေ(စဉ်–၅၀၉၉၉)**
**အမှတ်(၁၅၆)၊မြေတိုင်းလမ်း၊(၄၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း–၀၉–၄၂၀၇၃၇၉၀၆**

## ယာဉ်မှတ်ပုံတင်စာအုပ်

## မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 52W/74333, Yunde 110 ယာဉ်လက်ဝယ်ရှိသူ Yatanar Eik Met Co.,Ltd က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ကွက်၊ ဇေယျာလမ်း၊ တိုက်အမှတ်(၈၂/ခ)၊ ပထမထပ်(၂၀x၆၀) ပေ အကျယ်ရှိ ဦးတင်ထွန်းအောင် အမည် ပေါက်နှစ်(၆၀)ဂရန်မြေပေါ်ရှိ ဆောက်လုပ်ထားသော(၆)ထပ်တိုက်၏ (၁၈x၅၄)ပေအကျယ် ရေမီးအပါအဝင်တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ၎င်းမှတရားဝင်လက်ရှိပိုင်ဆိုင်ပြီးအရှုပ်အရှင်းကင်း၍လွှဲပြောင်းရောင်းချခွင့်ရှိသူဖြစ်ကြောင်း ဒေါ်ခင်မြသန်း ၁၂/ဥကတ(နိုင်)၁၃၃၅၀၇ထံမှ ဝန်ခံကတိရရှိပြီး ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးခိုင်ဇင်အောင် ၁၂/စခန(နိုင်)၀၆၃၀၂၄မှ အထက်ဖော်ပြပါ တိုက်ခန်းအားဥပဒေနှင့်အညီ "နှစ်ဦးသဘောတူတိုက်ခန်းအပြီးအပိုင် အရောင်းအဝယ် စရန်ပေးကတိစာချုပ်"ချုပ်ဆို၍စရန်ငွေအဖြစ် တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း အထောက်အထားအပြည့်အစုံမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်များအရ–**

**ဒေါ်ထက်သူဇာလွင် (LL.B)(D.B.L)(D.I.P.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၁၁၈)**
**တိုက်(၃၇)ဒီ–၂၊ ဈေးပတ်လမ်း၊ (၄၁)တိုးချဲ့ ရပ်ကွက်၊မဟာမြိုင်အိမ်ရာ၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၂၅၀၇၄၁၄၁၈၊**
**၀၉–၇၉၉၆၉၂၅၁၆ (Email;htetthuzarlwin.lawyer@gmail.com)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၉/ B)၊ သမာဓိ(၄)လမ်း၊ မြေကွက်အမှတ် (၅၉၃)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဒေါ်ခင်စိုးဝင်း (၉/မနမ (နိုင်) ၀၅၇၆၂၀) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဒေါ်ခင်စိုးဝင်း ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်–၄၈၃၃၈) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀ )**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**
**၂၀ ၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်–၁၈၀**

| | | |
|---|---|---|
| ဦးထင်လင်းအောင် | နှင့် | ဦးတင်မြင့် |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်(လ–၈/၇၃)(က)ရပ်နေ ဦးတင်မြင့် ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားပြိုင် ဦးတင်မြင့် သင့်အပေါ်၌ တရားလို ဦးထင်လင်းအောင်က မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ် (က)ရပ်ကွက်၊ အကွက်အမှတ်(လ–၈) ဦးပိုင်အမှတ်(၁၂)၊ ဧရိယာ(၀.၀၅၅၁)ဧကအကျယ်အဝန်းရှိ ဦးတင်မြင့် အမည်ပေါက် ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စား လှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်) (၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကြည်ပြာဆင့်)
မြို့နယ်တရားသူကြီး
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ် ၁၂၃၊ ဦးပိုင်အမှတ် (၁၂–ခ)၊ ၁၈x၁၉ လမ်းကြား၊ ၈၄x၈၅လမ်းကြားရှိ၊ ဦးစိုးဝင်း၊ ဒေါ်ကြည်မျိုးအမည်ပေါက် ဘိုးဘမြေကွက်အား ခင်ပွန်းဖြစ်သူ ဦးစိုးဝင်း ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၄၁၃၃/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်ကြည်မျိုး၏ (GPရရှိသူ ဦးချန်ဒရာလာလ်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၇၅၇/၂၀၂၄) ဖြင့်ဝယ်ယူခဲ့သူ ဦးဘာရှူးဒေဦး ၁၃/နစန(နိုင်)၀၄၈၁၂၇၊ ဒေါ်ခင်မြတ်နိုး(ခ) ဒေါ်ရီမာ ၁၃/နစန(နိုင်)၀၉၇၆၄၅တို့က အမှုတွဲအမှတ်(၀၄၃၆/ဘ(ပြောင်း) / ၂၀၂၄–၂၀၂၅)ဖြင့် ဘိုးဘ/အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာ အရှေ့ရပ်ကွက်၊ အကွက်အမှတ် ၅၅၆၊ ဦးပိုင်အမှတ် (၅၀–ဇ)၊ ၃၃x၃၄ လမ်းကြား၊ ၈၀x၈၂ လမ်းကြားရှိ လှိုပန်းကျင်အမည်ပေါက် ဘိုးဘမြေကွက်အား ဖခင် ဦးလှိုပန်းကျင်(ခ)ဦးလှီပန်းကျင်၊ မိခင် ဒေါ်ရန်ဂူတို့အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၂၅၉၈/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော တစ်ဦးတည်းသော သမီးဖြစ်သူ ဒေါ်စီရင် ၉/မရမ(နိုင်)၀၉၁၄၇၈က အမှုတွဲအမှတ် (၀၄၃၇/ဘ (ပြောင်း)/၂၀၂၄–၂၀၂၅)ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 1W/16445, Honda C–90 Custom ယာဉ်လက် ဝယ်ရှိသူ ဒေါ်သန်းသန်းဝင်း ၁၃/တကန(နိုင်)၁၂၅၉၅၁ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တောင်ကြီး**

## ယာဉ်မှတ်ပုံတင်စာအုပ်

## မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/81079 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရွှေရည်ဖြိုး ၇/သနပ(နိုင်) ၁၁၃၇၄၆ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ်

## မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/80398 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စုမွန်ကျော် ၇/သနပ(နိုင်)၁၀၉၅၄၃ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ်

## မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/30432 ယာဉ်လက်ဝယ်ရှိသူ ဦးလှမင်းနိုင် ၇/ဝမန(နိုင်)၁၂၀၆၄၃ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## အမည်မှန်၊ ဖခင်အမည်မှန်၊ မွေးသက္ကရာဇ်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ရွှေလမင်းကိုယ်ပိုင်အထက်တန်းကျောင်း Grade–12မှ မောင်ဒို့ဟောက်ဟိင့်မုန်၏ အမည်မှန်မှာ မောင်ဒိုဟောက်ဟင့်မုန်ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၃၀–၆–၂၀၀၅ ဖြစ်ပါကြောင်းနှင့် ဖခင်အမည်မှန်မှာ ဦးဒိုးခန့်အိန်း ၄/တတန(နိုင်)၁၀၅၇၉၂ ဖြစ်ပါကြောင်း။

**မောင်ဒိုဟောက်ဟင့်မုန်**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ကျိုက်မရောမြို့နယ်၊ တောင်ကလေးကျေးရွာနေ (ဘ)ဦးစမ်းမောင်၏ သမီး မစပယ် ၁၀/ကမရ(နိုင်) ၀၉၇၂၀၆ ၏ နိုင်ငံကူးလက်မှတ်အမှတ် (MF–၅၁၂၅၀၁)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၇၄၀၀၁၆၀၁၀

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1K/6203၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## (၁၁–၈–၂၀၂၄)ရက်စွဲ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၇)ပါ ၁။ဒေါ်အေးခက်မွန် ၉/ဝတန(နိုင်)၁၂၆၁၆၇၊ ၂။ ဦးစောဖားဂေ ၃/ဘဂလ(နိုင်)၀၀၁၀၄၅၊ ၃။ ဒေါ်မြင့်မြင့်အေး ၁၀/မလမ(နိုင်)၀၂၉၉၉၉၊ ၄။ ဒေါ်ကြည်ရွှေ ၁၂/ဥကမ(နိုင်) ၀၀၅၈၁၆၊ ၅။ ဦးကျော်သန်းမောင် ၁၁/မဥန(နိုင်)၁၀၉၂၆၇၊ ၆။ ဒေါ်ချောစုလွင် ၁၁/မဥန(နိုင်)၀၆၆၃၆၀၊ ၇။ ဦးနေလင်းဦး ၁၂/ဥကမ(နိုင်)၁၅၉၇၆၁၊ ၈။ ဒေါ်ခင်မာအောင် ၁၁/စတန(နိုင်)၀၀၃၃၁၂၊ ၉။ ဒေါ်မြမြဝင်း ၁၂/ကမန(နိုင်)၀၇၈၂၃၂၊ ၁၀။ ဒေါ်ဇွန်ပန်းဖြူ ၁၄/ကပန(နိုင်)၁၈၄၀၄၀၊ ၁၁။ ဆလိုင်းမျိုးမင်းလတ် ၉/မနမ(နိုင်)၁၀၁၆၅၁၊ ဒေါ်ယဉ်မင်းအေး ၁၄/ဇလန(နိုင်)၁၁၃၂၄၆တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်သက်သက်မွန် တရားလွှတ်တော်ရှေ့နေနှင့် ဦးဘုန်းမြတ်သော် အထက်တန်းရှေ့နေတို့၏ သိစေရန် ကြေညာခြင်းနှင့်ပတ်သက်၍ မှန်ကန်မှုမရှိကြောင်း သက်ဆိုင်သူ အများသိစေရန် အသိပေးရှင်းလင်းတားမြစ်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ ဦးသက်နိုင်ဦး ၁၂/ဥကမ(နိုင်)၀၁၂၁၂၄၀ Director–Pyae Sone Aung Empire Construction Co.,Ltd ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးတားမြစ်ကြေညာအပ်ပါသည်–

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဂ)ရပ်ကွက်၊ မြေကွက်အမှတ်(၄၂၈)၊ မြေအကျယ်အဝန်း (၄၀ x ၆၀)မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၇)ထပ်တိုက်ရှိ တိုက်ခန်းများနှင့် ပတ်သက်၍ အထက်ဖော်ပြပါ (၁၁)ဦးတို့သည် ဦးသက်နိုင်ဦးထံမှ တိုက်ခန်းများကို ကြိုပွိုင့်စနစ်ဖြင့် ဝယ်ယူခဲ့ပါသည်ဟုဆိုခြင်းမှာ မှန်ကန်မှုမရှိကြောင်း သိရှိရပါသည်။ ဦးသက်နိုင်ဦးမှာ ၎င်းပိုင်ဆိုင်ရရှိသည့် ကန်ထရိုက်တာဘက်ခြမ်း အခန်းများကိုသာ ရောင်းချခဲ့ခြင်းဖြစ်ပြီး ကျန်အခန်းများအား ရောင်းချခဲ့ခြင်းမရှိကြောင်း သိရှိရပါသည်။ ထိုသို့ ရောင်းချရာတွင်လည်း ကြိုပွိုင့်စနစ်ဖြင့်သော်လည်းကောင်း၊ ကြိုပွိုင့်ဝယ်ယူထားသူများမှ အမြတ်တင်၍ တစ်ဆင့်ပြန်လည် ရောင်းချသည့်အခါ ရောင်းသူနေရာတွင် လက်မှတ်ရေးထိုး၍လည်းကောင်း၊ ရောင်းချခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။ ဦးသက်နိုင်ဦးမှ တိုက်ခန်းမှာ လူနေထိုင်ခွင့်မရသေး၍ လည်းကောင်း၊ အကြမ်းထည်သာပြီးစီး၍ လည်းကောင်း၊ တိုက်ခန်းအပြီးသတ်ပြီးစီးခြင်း မရှိသေး၍ မည်သည့်ဝယ်ယူထားသူများကိုမှ တိုက်ခန်းများကို တရားဝင်လက်ရောက်ပေးအပ်ခဲ့ခြင်းမရှိကြောင်း သိရှိရပါသည်။ ဦးသက်နိုင်ဦးမှာ တိုက်ခန်းအား ဓာတ်လှေကားတပ်ဆင်ပေးရန်အတွက် Lift Technical ဓာတ်လှေကား ကုမ္ပဏီထံမှ တိုက်ခန်းအား အရစ်ကျငွေပေးသွင်း၍ ဝယ်ယူခဲ့ပြီး စတုတ္ထအဆင့်(၂၀)ရာခိုင်နှုန်းနှင့် ပဉ္စမအဆင့်(၁၀)ရာခိုင်နှုန်းကို ပေးသွင်းရန်ကျန်ရှိနေကြောင်း သိရှိရပါသည်။

၂။ ဦးသက်နိုင်ဦးမှာ တိုက်ခန်းဆောက်လုပ်နေစဉ်ကာလအတွင်း ဆောက်လုပ်ရေးပစ္စည်းဈေးနှုန်းများ အဆမတန်သတ်မှတ်ထားသည့် နှုန်းထားများထက် မြင့်တက်နေခဲ့ပြီး ကြိုပွိုင့်ရောင်းချစဉ်က ရောင်းချခဲ့သောတန်ဖိုးနှင့် ဆက်လက်ဆောက်လုပ်ရန် မည်ကဲ့သို့မျှ ဆောက်လုပ်နိုင်စွမ်းမရှိတော့သော်လည်း ဦးသက်နိုင်ဦးမှာ ဝယ်ယူထားသော ဓာတ်လှေကားအား ငွေရှင်တစ်ဦးထံ ခေတ္တအပ်နှံထားပြီး ချေးငွေများရယူ၍ တိုက်ခန်းအား ယခုအခြေအနေ ရောက်ရှိသည်အထိ မြေရှင်နှင့် တိုက်ခန်းနေသူ ဒေါ်မြမြဝင်းအား ဆက်လက်ဆောင်ရွက်ပေးရန် အကူအညီတောင်းခံခဲ့ရာမြေရှင်နှင့် ဒေါ်မြမြဝင်းမှ ဆက်လက်ဆောက်လုပ်ခဲ့ကြောင်း အထက်ဖော်ပြပါ တိုက်ခန်းနေသူများအားလုံးသိရှိပြီးဖြစ်ကြောင်းကို ညွှန်ကြားချက်အရ သိရှိရပါသည်။

၃။ (၃၀–၃–၂၀၂၄)ရက်တွင် အခန်းဝယ်ယူထားသူများမှ ဦးသက်နိုင်ဦးအား အစည်းအဝေးခေါ်ယူခဲ့ပြီး ဦးသက်နိုင်ဦးမှ အဆောက်အအုံဆောက်လုပ်ဆောင်ရွက်မှုနှင့် ပတ်သက်၍ ချေးငွေရယူထားသော ငွေများပြန်လည် ပေးရမည်ဖြစ်၍ မြေရှင်မှပြီးစီးအောင် အကုန်ကျခံဆောင်ရွက်မှုများ၊ ဓာတ်လှေကားဝန်ဆောင်မှုများ၊အမြတ်ခွန်ပေးဆောင်ခြင်း၊BCCလူနေထိုင်ခွင့်လျှောက်ထားမှုအတွက် ကုန်ကျစရိတ်များအား အခန်းရှင်များအားလုံးမှ ပူးပေါင်းပါဝင်ဆောင်ရွက်ပြီး ကုန်ကျငွေအား အချိုးကျထပ်မံကျခံပေးပါရန် မေတ္တာရပ်ခံပြောကြားရာတွင် ညှိနှိုင်းဆောင်ရွက်မှု အဆင်မပြေဖြစ်ခဲ့ကြောင်း သိရှိရပါသည်။ ထို့ကြောင့် တိုက်ခန်းနေသူများမှ ကုန်ကျငွေများအား အချိုးကျထပ်မံပေးအပ်ရန် အသိပေးအပ်ပါသည်။

၄။ ယခုအခါ အထက်ဖော်ပြပါ (၁၁)ဦးမှ ဦးသက်နိုင်ဦးအား ဆက်သွယ်၍ မရဟုဆိုကာ Lift Technical ဓာတ်လှေကားကုမ္ပဏီသို့ ပေးသွင်းရန်ကျန်ရှိသော (၃၀)ရာခိုင်နှုန်းကိုပေးသွင်း၍ ဓာတ်လှေကားကို ဆက်လက်တပ်ဆင်ထားမည်ဖြစ်ပြီး ဦးသက်နိုင်ဦးအား (၇)ရက်အတွင်း ဆက်သွယ်ရန် ကြေညာမှုအားလုံးဝလက်ခံနိုင်စရာ အကြောင်းမရှိသဖြင့် ဦးသက်နိုင်ဦးမှ သတင်းစာပါကြေညာချက်အားသိလျှင်သိချင်း (၆–၉–၂၀၂၄)ရက်တွင် Lift Technical ဓာတ်လှေကား ကုမ္ပဏီထံသို့ ဓာတ်လှေကား တရားဝင်ဝယ်ယူသူမှအပ အခြားမည်သူတစ်ဦးမှ ဆောင်ရွက်ရန် ခွင့်မပြုကြောင်း အသိပေးကန့်ကွက်စာတင်ပြခဲ့ကြောင်း သိရှိရပါသည်။

၅။ သို့ပါသောကြောင့် တိုက်ခန်းနေ အထက်ဖော်ပြပါသူများမှာ တိုက်ခန်းတွင် လိုအပ်သည့် အပိုဒ်(၃)ပါ ကိစ္စရပ်များဆောင်ရွက်ရန်အတွက် ငွေကြေးများ အချိုးကျထပ်မံထည့်ဝင်ပေးပါရန် အသိပေးအပ်ပါသည်။ထို့အပြင် တိုက်ခန်းအား ဓာတ်လှေကားတပ်ဆင်မှုကို စာချုပ်ပါတရားဝင်ဝယ်ယူထားသူ ဦးသက်နိုင်ဦးနှင့် ၎င်း၏ အခွင့်အမိန့်ရသူမှလွဲ၍ အခြားမည်သူ တစ်ဦးတစ်ယောက်မှ ဆက်လက်ဆောင်ရွက်ခွင့်မပြုကြောင်း အသိပေးကန့်ကွက်တားမြစ် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်နော်စေးရာလ်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၄၈၉၆၂)**
**အမှတ်(၉၆)၊ မေယု(၃)လမ်း၊ (က)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း–၀၉–၄၀၈၇၅၆၀၈၉**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ -၂၀)
## တာမွေမြို့နယ်တရားရုံး
## ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၁

ဦးဇော်ထိုက်အောင် နှင့် ဒေါ်စုစုလှိုင်
(တရားလို) (တရားပြိုင်)

တာမွေမြို့နယ်၊ကျောက်မြောင်း၊ အောင်မင်္ဂလာလမ်း၊ အမှတ်-၁၀ (ဖလွှာ)(ဝဲဘက်ခြမ်း)နေ တရားပြိုင် ဒေါ်စုစုလှိုင်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုနှင့် လျှောက်ထား စွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ခုနှစ်၊ စက်တင်ဘာလ ၁၈ရက် (၁၃၈၆ ခုနှစ်၊ တော်သလင်းလဆုတ် ၁ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန်ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့်သင်ကထု ချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူ ဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ စက်တင်ဘာလ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သော်ဇင်ထက်)
ဒုတိယမြို့နယ်တရားသူကြီး(၁)
တာမွေမြို့နယ်တရားရုံး

## အမည်(၂)မျိုးဖြင့် လူတစ်ဦးတည်းဖြစ်ကြောင်း

ကျွန်တော်ဦးကျော်ဇင်သန့် ၁၂/သဃက(နိုင်) ၁၇၇၈၅၅၏ သန်းခေါင်းစာရင်းမူရင်းတွင် မိခင်အမည်ကို ဒေါ်ခင်မော်မော်အောင်ဟုဖော်ပြထားပြီး တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မူရင်းတွင် ဒေါ်မော်မော်အောင်ဟု ဖော်ပြထားရာ ကျွန်တော်၏ မိခင်အမည်မှာ ဒေါ်ခင်မော်မော်အောင် နှင့် ဒေါ်မော်မော်အောင်ဟု အမည်(၂)မျိုးဖြစ်သော်လည်း လူတစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးကျော်ဇင်သန့် ၁၂/သဃက(နိုင်) ၁၇၇၈၅၅

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ် (၅၁၄/၃)၊ ဦးပိုင်အမှတ်၂၇၃(ခဲစင်း)၊ ၅၈X၅၉ လမ်းကြား၊ ၂၆X၂၇လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဇာနည်အောင်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၄၁၈၇/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ထွေးစန္ဒာ ၉/သပက(နိုင်)၀၃၃၀၆၉ က အမှုတွဲအမှတ်(၀၁၆၉/၂၀၂၄ -၂၀၂၅)ဖြင့် ဦးပိုင်ခွဲလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ် ၅၁၆-က/၂၊ ဦးပိုင်အမှတ်(၃၅)၊ ရန်ကုန်-မန္တလေး ကားလမ်း အနောက်ဘက်နှင့် ၁၁လမ်း၏တောင်ဘက်ကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစိုးသိန်း ၉/အမရ(နိုင်) ၀၁၃၁၆၀၏ (SP ရရှိသူ ဒေါ်ယဉ်ယဉ်နု) က အမှုတွဲအမှတ်(၃၆၇၉/၂၀၂၄-၂၀၂၅) ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဂ ရပ်ကွက်၊ အကွက်အမှတ် အ-၁၅၊ ဦးပိုင် ၆/၆၅x၆၇ ကြား၊ ကုသိုလ် တော်xမင်းကြီးရန်နောင်လမ်းကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ဦးစိန်မြင့်(ခ)လီစိန်ကြည်၊ ဦးအောင်ဖေ(ခ)လီဝေါင်ဖက်၊ ဦးဝမ်ရှင်းဟွမ်(ကျင်းတောရန် တရုတ်ဘုရားကျောင်း ဂေါပကအဖွဲ့)ထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၁၆၈၀/ ၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးအောင်ထွန်းဝင်း ၁၃/ကခန(နိုင်)၀၈၄၆၉၇က သက်တမ်းတိုး၊ အမည်ပြောင်းလျှောက်ထားဆဲဖြစ်ရာ ဂရန်မိတ္တူဖြစ်၍ ဂရန်ပေါ်တွင် တောဂရန်ပျောက်ဆုံးသည်ဟု လျှောက်ထားလာသဖြင့် လက်ခံတောဂရန်နှင့်စိစစ်ပြီး ထုတ်ပေးခြင်းဖြစ်သည်။ တောဂရန်စာချုပ်မူရင်း ပြန်လည်တွေ့ရှိပါက ယခုထုတ်ပေးထားသော မိတ္တူမှန်သည် ပျက် ပြယ်သည်ဟူသော မင်နီမှတ်ချက်ရေးသားခြင်းအား ပယ်ဖျက်၍သားရေဖုံး ဂရန်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဂ ရပ်ကွက်၊ အကွက်အမှတ် အ-၁၅၊ ဦးပိုင် ၅/၆၅x ၆၇ ကြား၊ ကုသိုလ်တော်xမင်းကြီး ရန်နောင်လမ်းကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ဦးစိန်မြင့်(ခ)လီစိန်ကြည်၊ ဦးအောင်ဖေ(ခ) လီဝေါင်ဖက်၊ ဦးဝမ်ရှင်းဟွမ်(ကျင်းတောရန် တရုတ်ဘုရားကျောင်း ဂေါပကအဖွဲ့) ထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၁၆၇၉/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးအောင်ထွန်းဝင်း ၁၃/ကခန(နိုင်) ၀၈၄၆၉၇က သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားဆဲဖြစ်ရာ ဂရန်မိတ္တူဖြစ်၍ ဂရန်ပေါ်တွင် တောဂရန် ပျောက်ဆုံးသည်ဟု လျှောက်ထားလာသဖြင့် လက်ခံတာဂရန်နှင့် စိစစ်ပြီးထုတ် ပေးခြင်းဖြစ်သည်။ တောဂရန် စာချုပ်မူရင်းပြန်လည်တွေ့ရှိပါက ယခုထုတ်ပေးထားသော မိတ္တူမှန် သည် ပျက်ပြယ်သည် ဟူသော မင်နီမှတ်ချက်ရေးသားခြင်းအား ပယ်ဖျက်၍ သားရေဖုံးဂရန်စာချုပ် ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုတရားလွှတ်တော်ချုပ်
## ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး
## ၂၀၂၄ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် - ၄၅

ဦးဝင်းနိုင် နှင့် ဦးနိုင်ထွန်းလွင်(၎င်း၏ အခွင့်ရကိုယ်စားလှယ် ဦးခိုင်ထွန်းလွင်) ပါ ၄
**အယူခံတရားလို** **အယူခံတရားပြိုင်များ**

၂။ ဒေါ်စိုးသီတာ ၃။ ဦးဇော်မင်းသိန်း (အတူနေမောင်နှမ)
(ကွယ်လွန်သူ ဦးခင်မောင်သိန်း၏ တရားဝင်ကိုယ်စားလှယ်များ)
အမှတ်(၈၈-က)၊ မေယု(၂)လမ်း၊ (က)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
(ယခင်လိပ်စာ၊ ယခုလိပ်စာမသိနေ)တို့သိစေရမည်။

အယူခံတရားလိုက မိမိအား ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၂၃ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၃၉၅တွင် ချမှတ်သော ၂၀၂၃ခုနှစ်၊ အောက်တိုဘာလ ၁၆ရက်စွဲပါ နေ့စဉ်မှတ်တမ်းအမိန့်နှင့် ဒီကရီအပေါ် အထူးအယူခံဝင်ခွင့်ကို တရားစီရင်ရေးဥပဒေပုဒ်မ ၁၉အရ ပေးပါမည့်အကြောင်း အထက်အမည်ပါ ဖော်ပြပါအယူခံတရားလို၏ တရားလွှတ်တော်ရှေ့နေက တင်သွင်း၍ ပြည်ထောင်စုတရား လွှတ်တော်ချုပ်တွင် မှတ်ပုံတင်ခဲ့ပြီး ဖြစ်ပါသည်။

